မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၃)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အခြားအခြားသော လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်း အဆင့်များကိုကျော်လွန်၍ နိုင်ငံတော်ကြီး အမွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် တစ်စိတ်တစ်ဒေသ ပါဝင်ထမ်းရွက်နိုင်ရေး နယ်ခြားစောင့်တပ်များ ဖွဲ့စည်းခြင်းအဆင့်ကိုပင် ရောက်ရှိနေပြီ။

မြင့်စိုး (နတလ)၏ ဆောင်းပါးကို စာမျက်နှာ ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

တိုင်းရင်းသားပြည်သူများ အပန်းဖြေ လာရောက်ရာ
ငလိုက်ကန်သာ အပန်းဖြေစခန်း

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံသည် သဘာဝတောင်တန်းကြီးများ၊ မြစ်ချောင်းများ၊ တောတောင်များနှင့် ရေတံခွန်များ တည်ရှိနေခြင်းကြောင့် သဘာဝအလှတရားများ ထုံမွမ်းရာ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားသည်။

မြင်တွေ့နိုင်

နိုင်ငံ၏ အရှေ့ရပ်ခွင်တွင် ရှမ်းရိုးမတောင်တန်းကြီးများ တည်ရှိနေခြင်း၊ အနောက်ဘက်၌ ရခိုင်ရိုးမ၊ အလယ်ရိုးမတို့ တည်ရှိနေခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်နေသကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော သဘာဝအလှတရားများအဖြစ်လည်း မြင်တွေ့နိုင်ပေသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း
(မြန်မာ့အလင်း)

ငလိုက်ကန်သာ အပန်းဖြေစခန်း၌ ရေလျှောလျှောစီး အပန်းဖြေနေကြသော ခရီးသွားများကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ငလိုက်ဆည်၏ မြင်ကွင်းအလှပသာဒ....။ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၂ ရက်)

ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ ကွန်ရက်သဖွယ်ဖောက်လုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ကြိုးပမ်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရထားလမ်းများ ပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ၃၅မိုင်သာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်၌ ရထားလမ်းအရှည် ၁၃၃၆ဒသမ ၉၈မိုင် ထပ်မံတိုးချဲ့ဖောက်လုပ်ပေးခဲ့၍ ယခုအခါ ရထားလမ်းအရှည်စုစုပေါင်း ၃၃၁၃ဒသမ၃၃မိုင် ရှိခဲ့ပြီဖြစ်သည်။

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းမကြီး၏အစိတ်အပိုင်းဖြစ်သော အရှည်၇ဒသမ၆၈မိုင်ရှိသည့် မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၉ရက်နေ့က မကွေးတိုင်း မကွေးမြို့နယ် မကွေးဘူတာဥပစာရှေ့၌ ကျင်းပခဲ့သည်။

မကွေး-ကန်ပြားရထားလမ်းသည် မကွေး-နတ်မောက်-ပျော်ဘွယ်မြို့များသို့ ဆက်စပ်ဖောက်လုပ်မည့် အရှည်၉၅မိုင်ရှိသည့်အနက် ပထမဆုံး ဆက်စပ်ပေးသည့် ရထားလမ်းပိုင်းဖြစ်သည်။ ယင်းရထားလမ်းမကြီးကို ဆက်စပ်ဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံမြေလတ်ဒေသများမှ ခရီးသွားများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာဖြင့် ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်ကြမည်ဖြစ်သည်။

ပျော်ဘွယ်ရှိရထားလမ်းများနှင့်ဆက်စပ်ကာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းများအထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်းသွားလာနိုင်သည့် ကွန်ရက်ရထားလမ်းတစ်ခုအဖြစ် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာမည်ဖြစ်သည်။

မကွေးတိုင်းအတွင်း ရထားလမ်းများ ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံခင်း-ပခုက္ကူရထားလမ်းသည် မကွေးတိုင်းမှ ပခုက္ကူမြို့အထိလည်းကောင်း၊ ပခုက္ကူမှ ဂန့်ဂေါ-ကလေးအထိလည်းကောင်း ဖောက်လုပ်ပေးထားပြီး ရထားလမ်းများနှင့် ဆက်စပ်သွားလာနိုင်ပြီဖြစ်သည်။

အချုပ်အားဖြင့် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးများ တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ၌ ရထားလမ်းများကိုလည်း အရှေ့၊ အနောက်၊ တောင်နှင့်မြောက် ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရည်ညွှန်းစာကြည့်တိုက်၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) အလုပ်အမှုဆောင် ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)(ခင်မောင်ထွန်း-လမ်းမတော်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)က အမှာစကားပြောကြားသည်။

အစီရင်ခံစာတင်သွင်း

ထို့နောက် မြို့နယ်အမှုဆောင်အဖွဲ့က တင်သွင်းသော နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)၊ ငွေစာရင်းရှင်းတမ်းများကို အမှုဆောင်ဘဏ္ဍာရေးမှူး ဦးအေးကို(မောင်အေးကို-ယမုံနာ)နှင့် စာရင်းစစ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း-ရွှေမြိုင်)တို့က ဖတ်ကြားတင်ပြကြသည်။

အမှုဆောင်သစ်ရွေးချယ်

ဆက်လက်၍ အမှုဆောင်အဖွဲ့ပြန်လည်ရွေးချယ်ပွဲကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က အဖွင့်အမှာစကားပြောကြားပြီး (၂၀၁၀-၂၀၁၃) အတွက် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးကျော်စိုး(မောင်ကျေးဇူး)နှင့် ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)တို့ကို ရွေးချယ်သည်။ အမှုဆောင်သစ်များအဖြစ် ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)ဥက္ကဋ္ဌ၊ ဦးအေးကို(မောင်အေးကို-ယမုံနာ) ဒုတိယဥက္ကဋ္ဌ၊ ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး) အတွင်းရေးမှူး၊ ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း-ရွှေမြိုင်)တွဲဖက်အတွင်းရေးမှူးတို့ ပါဝင်သော အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ (၁၁၁)

မြဝတီရုပ်မြင်သံကြား

၂၂-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လျှပ်တစ်ပြက်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
- ၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၁)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၄)

စာကြည့်တိုက် စံ(၅)ချက်နှင့်ညီညွတ်ရေး ဗိုလ်တထောင်မြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၁

ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ စန္ဒကူးရနံ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၂နာရီက စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်ရေး ဆွေးနွေးပွဲကျင်းပရာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာကြည့်တိုက် စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ ငွေပဒေသာပင်စိုက်ထူရေးကိစ္စရပ်များ ဆွေးနွေးသည်။

အခမ်းအနားသို့ အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သိန်းထွန်းနှင့် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူး ဒေါ်ခင်စိန်ထွေးနှင့် တွဲဖက်စာကြည့်တိုက်မှူး ဒေါ်မာမာလွင်၊ စာပေဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သိန်းထွန်းက စာကြည့်တိုက်၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သနပ်ပင် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

သနပ်ပင် ဒီဇင်ဘာ ၂၁

ပဲခူးတိုင်း သနပ်ပင်မြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါအထက သနပ်ပင်ခန်းမ၌ အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၅၀အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်ညွှန့်(ဥက္ကဋ္ဌ) ဖုန်း-၀၅၂-၄၆၁၇၁၊ ဦးမိုး(မိုးသီတာ) ဖုန်း-၀၅၂-၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၆၁၄၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၆၀၂၆၊ ဦးကျင်သိန်း ဖုန်း-၀၁-၅၄၃၄၀၁၊ ဦးဝင်းကြည် ဖုန်း-၀၉-၈၀၂၄၄၈၀၊ ၀၁-၆၈၇၀၅၆၊ ဒေါ်တင်လေးမြင့် ဖုန်း-၀၉-၈၀၃၀၇၅၆နှင့် ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၀)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ကြောင်ညှာကုန်းကျေးရွာအုပ်စု တောင်စလဲကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက်ကကျင်းပရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် ကြောင်ညှာကုန်းအုပ်စုကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၂၃-၁၂-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၂၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၂၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၁၉) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် (၅၄) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (တောင်ပေါ်သူ ဆရာမလေး)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ စစ်သည်အတွက်တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ခေါပုတ်ပူပူနွေးနွေးစားကြမယ်)
- ၁၇း၁၀ Current Song (3)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၂၉)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (စိုက်၍စားပါ)
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီ အောင်ခိုင်)
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဒဏ်ရာနှင့်ပတ်သက်သမျှ) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

အင်ဂျင်နီယာ(မြို့ပြ) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

၁၉၈၀-၁၉၈၄ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ငွေရတုအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ရက် ညနေ၄နာရီတွင် ဂရင်းမီးရထားဟိုတယ်၏ ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်နုနုတင် ဖုန်း-၀၉-၅၀၀၉၁၂၈၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀၀၈၇၅၂၊ ရုံးဖုန်း-၀၁-၂၂၆၈၁၇၊ ၀၉-၅၅၀၆၁၃၂၊ ဦးမိုးအောင် ဖုန်း-၀၉-၅၁၂၇၇၈၇၊ ၀၁-၅၀၅၈၂၁၊ ဦးခင်အောင် ဖုန်း-၀၁-၅၅၇၇၁၁၊ ၀၁-၅၀၁၂၂၀၊ ကိုမျိုးဆွေ ဖုန်း-၀၉-၅၁၆၂၃၆၇၊ မလွင်လွင်မီ ဖုန်း-၀၆၇-၄၀၇၄၆၇နှင့် မခင်မေဆွေ ဖုန်း-၀၉-၂၀၀၃၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်စိုက်ပျိုးရေး သင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါးသုတေသနဌာန၌ ကျင်းပသည့် တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၆၆)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ဆန်စပါး သုတေသနဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသည့် နွေစပါးအတွက် ပျိုးထောင် စိုက်ပျိုးနည်းစနစ်များနှင့် အရည်အသွေးကောင်း ပြည်တွင်းမျိုးကောင်း မျိုးသန့် ပေါ်ဆန်းမွှေးအုပ်စုများ၏ အရည်အချင်း လက္ခဏာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက ရှင်းလင်းပြသသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တပ်မတော် စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သင်တန်းအဖွင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဇုန်အဆင့်ဘောလုံးပြိုင်ပွဲကျင်းပ

သတင်းဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

ရန်ကုန် ဒီဇင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန်(၁)၊ ဇုန်(၂) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၆နာရီက ကြည့်မြင်တိုင် စလင်းကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲအုပ်ချုပ်သူ၊ နည်းပြဆရာများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယှဉ်ပြိုင်ကစား

ယင်းနောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန်ဇုန်(၁) ပြိုင်ပွဲအဖြစ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ယှဉ်ပြိုင်ကစားရာ ပထမပိုင်းပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းပြန်အစတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်က တိုက်စစ်အား မြှင့်ကစားလာရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပိတ်ဆို့ကစားသည့်ကြားမှ ပွဲချိန် ၅၅မိနစ်တွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် တိုက်စစ်မှူး နေခြည်ဥဥနွေးက ဂိုးသမားနှင့် ရင်ဆိုင်တွေ့ရာမှ ကန်ချက်ပြင်းပြင်းဖြင့် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသွားသည်။ ပွဲအပြီးတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အသင်းက တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရမှတ် သုံးမှတ်ကို ရယူသွားနိုင်ခဲ့သည်။

ယနေ့ပွဲ (၂၂-၁၂-၂၀၀၉)

ကြည့်မြင်တိုင် စလင်းကွင်း

အမျိုးသမီးပွဲစဉ် (နံနက် ၇နာရီ)

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်

အမျိုးသားပွဲစဉ် (ညနေ ၃နာရီ)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

(မြန်မာ့အလင်း)

လူကုန်ကူးမှုဆိုင်ရာ အသိပညာမြှင့်တင်ခြင်းအတွက် MTV EXIT မိတ်ဆက်ပွဲအခမ်းအနား

ရန်ကုန် ဒီဇင်ဘာ ၂၁

လူကုန်ကူးမှုဆိုင်ရာ အသိပညာ မြှင့်တင်ခြင်းအတွက် MTV EXIT ဖြန့်ချိသည့် အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အမေရိကန်သံရုံးမှ တာဝန်ရှိသူများ၊ AFXB မှ တာဝန်ရှိသူများ၊ နောက်ခံစကားပြောသူ တေးသံရှင်ဖြူဖြူကျော်သိန်း၊ စာနယ်ဇင်းသမားများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အဆိုပါ MTV EXIT သည် အာရှနှင့် ပစိဖိတ်ဒေသတွင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူထုမှ ပိုမိုသတိပြုစေရန် ရည်ရွယ်၍ လူကုန်ကူးမှု တားဆီး

ကာကွယ်ရေး ဗဟိုအဖွဲ့နှင့် AFXB တို့ ပူးပေါင်းထုတ်ဝေခြင်းဖြစ်ကြောင်း၊ MTV EXIT သည် နာရီဝက်ခန့်ကြာသော ဗီဒီယိုမှတ်တမ်းတစ်ခုဖြစ်ပြီး တေးသံရှင် ဖြူဖြူကျော်သိန်းက နောက်ခံစကားပြောဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အခမ်းအနားတွင် အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Larry Dinger က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီး စစ်အေး**(အပေါ်ပုံ)**က မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံ တကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်တွင်းလှုပ်ရှားမှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် AFXB ၏ Country Director ဒေါ်ကေသီရှိန်က AFXB ၏ နောက်ခံသမိုင်း၊ MTV EXIT ပေါ်ပေါက်လာပုံ၊ MTV EXIT ကို ဟောလိဝုဒ်မှ Lucy Lieu၊ ကိုရီးယားမှ Rain၊ ထိုင်းနိုင်ငံမှ Tata Young၊ တရုတ်ပြည်မှ Karen Mok၊ ဘောလိဝုဒ်မှ Lara Dutta နှင့် မြန်မာနိုင်ငံမှ တေးသံရှင် ဖြူဖြူကျော်သိန်းတို့က သက်ဆိုင်ရာဘာသာ ၁၂မျိုးဖြင့် နောက်ခံအသံသွင်း ပါဝင်ကူညီထားကြသည့်အတွက် အောင်မြင်မှုကြီးမားစွာ ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

MTV EXIT ၏ မြန်မာဘာသာ နောက်ခံအသံဖြင့် ကူညီသူ တေးသံရှင် ဖြူဖြူကျော်သိန်းက အာရှတိုက်တစ်ခွင်၌ ဖြစ်ပွားနေသော ကြောက်ရွံ့ဖွယ် လူကုန်ကူးမှု တားဆီးရန် မြန်မာနိုင်ငံရှိ အမျိုးသမီးငယ်၊ အမျိုးသားငယ်များအား ပညာပေးမည့် အရေးပါသော လုပ်ငန်း၌ ပါဝင်ခွင့်ရရှိသဖြင့် ဂုဏ်ယူကြောင်း၊ ယခု MTV EXIT ကြောင့် လူငယ်ထုအကြား အဓိပ္ပာယ်ရှိသော စကားသံများထွက်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာ၌ ကျင်းပ

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၁

မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ ၁၂နာရီခွဲက မဘောကျေးရွာ မူလတန်းလွန် ကျောင်းခန်းမ၌ ကျင်းပသည်။

လွှဲပြောင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်ကောင်းတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ် သုံးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ ဆောင်ရွက်မှုမှတ်တမ်းစီဒီအား ဘီအေရေ စီမံကိန်း မန်နေဂျာ ဦးအေးကိုဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုငွေထံ လွှဲပြောင်းပေးအပ်လိုက်သည်။ **(အောက်ပုံ)**

ကျင်းပ

အလားတူ မဘောကျေးရွာအုပ်စု မြေစင်ကူကျေးရွာ တွဲဖက်မူလတန်းကျောင်း ကျောင်းဆောင်သစ်သုံးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁၂နာရီခွဲက မြေစင်ကူကျေးရွာ တွဲဖက်မူလတန်းကျောင်း၌ ကျင်းပသည်။ **(၁၄၂)**

ယခုအပတ် ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "နာဂနှစ်သစ်ကူး ကောက်သစ်စားပွဲတော်ကို နန်းယွန်းမြို့၌ ကျင်းပမည်၊ မြန်မာ-ဗီယက်နမ် တိုက်ရိုက်လေကြောင်း ပျံသန်းရေးဆွေးနွေး၊ ဒေါ်အောင်ဆန်းစုကြည်က သက်ကြီး NLD ခေါင်းဆောင်များအား တွေ့ဆုံဂါရဝပြု၊ မြန်မာ-ထိုင်းနယ်စပ်၌ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်လေးခု ထပ်မံဖွင့်လှစ်မည်၊ ပြည်ပအေဂျင်စီအချို့က အမျိုးသမီး လုပ်သားများ ပို့လွှတ်နိုင်ရန် ငွေပေးစည်းရုံးမှုများ ပြုလုပ်လာ၊ ကျပ်သိန်း ၅၀ခန့် ချီးမြှင့်မည့် မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်၊ မြန်မာ့အကြီးဆုံး ပလ္လင်ပါထိုင်တော်မူဘုရားကြီး တည်ထားပြီးစီးတော့မည်၊ ကာလတန်ဖိုးငွေကျပ် ၂၄၇၆သိန်းရှိ တရားမဝင် ဆင်ဆာမဲ့ ဗီဒီယိုတိပ်ခွေနှင့် လေဆာဓာတ်ပြား ငါးသိန်းနီးပါးဖျက်ဆီး၊ မတော်တဆ ဓားခုတ်မိ၍ လက်ကောက်ဝတ် လုံးဝပြတ်သွားသည့် လူငယ်အား မကွေးသင်ကြားရေးဆေးရုံကြီး၌ မူလအတိုင်း ပြန်ဆက်ပေးနိုင်ခဲ့၊ ဂျာနယ်တစ်စောင်၌ ပါရှိသည့် "ရုပ်ရှင်မင်းသားမောင်သင်··"ခေါင်းစဉ်ပါ သတင်းနှင့် ပတ်သက်၍ မိသားစုက စာနယ်ဇင်းရှင်းလင်း၊ နယူးဒေလီတွင် အောင်မြင်မှုရခဲ့သည့် အင်ပါယာက မြန်မာနိုင်ငံ၌လည်း ပြည်ပတီးဝိုင်းများ လက်ခံဖျော်ဖြေနိုင်ရန် ဆောင်ရွက်သွားမည်၊ မြန်မာ့ပထမဆုံး ပြိုင်ကားမောင်းပြိုင်ပွဲကို မကြာမီကျင်းပမည်၊ စာရေးဆရာ အီကြာကွေး၏ နောက်ဆုံးခရီးနှင့် သူ၏မွန်မြတ်သော အလှူ၊ အဲပုဂံလေကြောင်းက ချင်းမိုင်သို့ တိုးချဲ့ပျံသန်းမည်၊ တရားမဝင်ဆင်ဆာမဲ့ခွေများ ထုတ်လုပ်ရောင်းချလျှင် ထောင်ဒဏ်သုံးနှစ်အထိ ကျခံရနိုင်၊ စက်ထဲ လည်စည်းဝင်သွားရာ လည်ပင်းအစ်ပြီး အမျိုးသမီးငယ်တစ်ဦးသေဆုံး၊ သဲကန္တာရအတွင်းက ကိုးမိုင်ပတ်လည်ရှိသည့် ကမ္ဘာ့အကြီးဆုံးပန်းချီကား၊ ဆင်ပိန်ကျွဲဘဝမှ ကျွဲပိန်ဝက်ဘဝသို့ မရောက်ရန် ကျားကန်နေရသော ဒူဘိုင်း၊ ဗီယက်နမ်က ရုရှားမှ ရေငုပ်သင်္ဘောများမှာယူ၊ ကမ္ဘာကဲ့သို့ ၇၅ရာခိုင်နှုန်း ရေဖုံးလွှမ်းနေသော ဂြိုဟ်တစ်လုံးတွေ့ရှိ၊ ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်မည်ဟု ပညာရှင်များခန့်မှန်းထား၊ ကမ္ဘာ့အပုဆုံးလူသားက အပေါ့ဆုံးလူသားအဖြစ်လည်း စံချိန်တင်၊ ၂၀၀၉ခုနှစ်၏ ဟီးရိုးနှင့် ဗီလိန်စာရင်းထုတ်ပြန်၊ မလေးရှားမှ ခြောက်နှစ်သားလေးက ကားတစ်စီးကို ဆွဲပြ၍ စံချိန်တင်၊ ခန္ဓာကိုယ်ထဲ၌ ချုပ်အပ်ပေါင်း ၅၀ရှိနေသော နှစ်နှစ်အရွယ် ကလေးငယ်ထံမှ လေးချောင်းကို ဆရာဝန်များက ဖယ်ရှားပေးခဲ့၊ မော်စကိုမြို့၌ တြိဂံပုံ ရောမပန်းကန်ပြားပုံကြီးတွေ့ရှိ၊ သစ်ပင်လူသား၏ နောက်ဆုံးအခြေအနေ၊ ရေအောက်ရှိ ရှေးဟောင်း အတ္တလန္တစ်မြို့တော်ကိုရှာတွေ့ပြီ···"စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

တတိယအကြီးဆုံး ရေနံသိုက်ကြီး တရုတ်ထုတ်ယူနိုင်ဖွယ်

စီယန်း ဒီဇင်ဘာ ၂၁

တရုတ်နိုင်ငံ၏ ယခုနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပမာဏ၏ ၂၄ရာခိုင်နှုန်းကို တတိယအကြီးဆုံး ရေနံသိုက်ဖြစ်သော ချန်ကင်းရေနံမြေမှထုတ်လုပ်ပေးနိုင်မည်ဟုယူဆရကြောင်း ချန်ကင်းရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီက ထုတ်ဖော် ပြောကြားသည်။

ကျယ်ဝန်း

ချန်ကင်းရေနံသိုက်သည် တရုတ်နိုင်ငံ မြောက်ပိုင်း အော်တို့စ်ဘေဆင်ဒေသတွင် တည်ရှိပြီး စတုရန်းကီလိုမီတာ ၃၇၀၀၀၀ ကျယ်ဝန်းကာ အဆိုပါရေနံသိုက်အတွင်း၌ ရေနံတန်ချိန် ၈ဒသမ၅ဘီလီယံနှင့် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၀ဒသမ၇ထရီလီယံ အထိရှိသည်ဟုဆိုသည်။

ချန်ကင်းရေနံသိုက်သည် တရုတ်နိုင်ငံ၌ တာကင်းနှင့် ရှင်ဂလီရေနံသိုက်ကြီး နှစ်ခုပြီးလျှင် တတိယအကြီးဆုံးရေနံသိုက် ဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ် ဟန်ကျို့မြို့ရှိ သဘာဝသမိုင်းပြတိုက်၌ ပြသထားသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်-အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ရုရှားနိုင်ငံထောက်ခံကြောင်းပြောကြား

ပေကျင်း ဒီဇင်ဘာ ၂၁

တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်း ဒေသများအကြားသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုစီမံကိန်းကို ရုရှားနိုင်ငံကထောက်ခံကြောင်း ဒီဇင်ဘာ ၁၉ရက်တွင် ရုရှားပထမဒုတိယဝန်ကြီးချုပ် အိုင်ဂေါ်ရှုဗာလော့ဗ်က ပြောကြားသည်။

သွယ်တန်းဖောက်လုပ်

အဆိုပါသဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်မှာ ၁၈၃၃ကီလိုမီတာရှိသည်။ တာ့ခ်မင်နစ္စတန်-ဥဇဘက်နယ်စပ်မှ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း စင်ကျန်းဒေသသို့ သွယ်တန်းဖောက်လုပ်ထားပြီး ကာဇက်စတန်နိုင်ငံတောင်ပိုင်းနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ကို ဖြတ်ကျော်တည်ဆောက်ထားသည်။

အသုံးပြု

ယင်းပိုက်လိုင်းဖောက်လုပ်ရေးစီမံကိန်းကို နှစ်နှစ်ကြာ တည်ဆောက်ခဲ့ရပြီး လွန်ခဲ့သည့် ရက်သတ္တပတ်မှစတင် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နျူလက်နက်လျှော့ချရေးစာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ဖွယ်မရှိသေး

မော်စကို ဒီဇင်ဘာ ၂၁

ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဇန်နဝါရီလကုန်ပိုင်းတွင် နောက်ထပ် နျူကလီးယားလက်နက်လျှော့ချရေးဆိုင်ရာသဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ဖွယ်မရှိသေးကြောင်း ဒီဇင်ဘာ၁၉ရက်ထုတ် ကွန်မာဆန့်အမည်ရှိ ရုရှား သတင်းစာ၌ ဖော်ပြပါရှိသည်။

တွေ့ဆုံဆွေးနွေး

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည် ဒီဇင်ဘာ ၅ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သည့် မဟာဗျူဟာလက်နက်လျှော့ချရေးသဘောတူစာချုပ်(စတတ်-၁)ကို အစားထိုးရန် ကြိုးပမ်းသည့်အနေဖြင့် ကိုပင်ဟေဂင်မြို့၌ ဒီဇင်ဘာ ၁၈ရက်က တွေ့ဆုံဆွေးနွေးကြသည်။

တန်ဖိုးထား

သမ္မတနှစ်ဦးတို့သည် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲတိုးတက်မှုကို မြင့်မြင့်မားမား တန်ဖိုးထားကြသည်။

ချုပ်ဆိုနိုင်ဖွယ်မရှိ

သို့ရာတွင် လာမည့်နှစ် ဇန်နဝါရီလကုန်အထိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ဖွယ်မရှိသေးကြောင်း ကွန်မာဆန့်သတင်းစာက ဒီဇင်ဘာ ၁၈ရက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။ (အင်တာနက်)

ရုရှားနိုင်ငံမှ ဆိုယုဒ် တီအမ်အေ-၁၇ အာကာသယာဉ်အား နိုင်ငံတကာအာကာသစခန်းသို့ ဒီဇင်ဘာ၂၁ရက်က လွှတ်တင်လိုက်စဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ကမ်းခြေ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ်အဖြစ် ပင်လွင်းငှက်ရုပ်များ သရုပ်ဖော် ပြသထားသည်ကို ဒီဇင်ဘာ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နေတိုးတပ်ဖွဲ့မှပစ်ခတ်မှု အာဖဂန်၌ အရပ်သား သုံးဦးသေဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ နေတိုးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်မှုကြောင့် အရပ်သားသုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်အစိုးရက ဒီဇင်ဘာ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ကန်ဒါဟာပြည်နယ် ရာဝါလီကို့ဒေသရှိ ကန်ဒါဟာ-အော်ဂူဂန်အဝေးပြေးလမ်းပေါ်တွင် မောင်းနှင်လာသည့် မီနီဘတ်စ်ကားတစ်စီးကို ဒီဇင်ဘာ ၁၇ရက်က နေတိုး တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားသုံးဦးသေဆုံးပြီး ကလေးငယ်သုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိသွားကြောင်း သတင်း၌ပါရှိသည်။ (အင်တာနက်)

ကျူးဘားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းထားသည်ထက် ကျဆင်းနေ

ဟာဗားနား ဒီဇင်ဘာ ၂၁

ယခုနှစ်အတွင်း ကျူးဘားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၁ဒသမ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကျူးဘားအစိုးရ၏ ယခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းခြေမှာ ၆ရာခိုင်နှုန်းရှိရာ ခန့်မှန်းထားသည်ထက် ကျဆင်းနေသေးသည်ဟု ကျူးဘားစီးပွားရေးနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာနဝန်ကြီး မာရီနိုမူရီလိုက ဒီဇင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

သတ်မှတ်ထား

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ပြဿနာများနှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးပိတ်ပင်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ သတ်မှတ်ထားသည်ထက် ကျဆင်းနေခြင်းဖြစ်သည်ဟု လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အမျိုးသားညီလာခံတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ပြည်ပငွေကြေး စီးဝင်လာမှု အလွန်နည်းသွားခဲ့ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ၁၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ကျူးဘားနိုင်ငံ၏ ဈေးနှုန်းသက်သာသည့် နီကယ်နှင့်ဆေးရွက်ကြီးကဲ့သို့သော ပို့ကုန်အချို့၏ဝယ်လိုအားကိုပင် ထိခိုက်မှုရှိကြောင်း မူရီလိုကပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်သောက်စားမောင်းနှင်မှု နယူးဇီလန်ရဲတပ်ဖွဲ့ ဖမ်းဆီးအရေးယူ

ဝယ်လင်တန် ဒီဇင်ဘာ ၂၁

နယူးဇီလန်နိုင်ငံအနှံ့အပြား၌ မူးယစ်သောက်စားမောင်းနှင်မှုအပေါ် နှစ်ရက်ကြာ စစ်ဆေး အရေးယူပြီးနောက် တစ်နိုင်ငံလုံးတွင် ဒီဇင်ဘာလကုန်အထိ အရှိန်အဟုန်ဖြင့် ဆက်လက်ပြုလုပ်သွားမည်ဟု နယူးဇီလန်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီး

ဒီဇင်ဘာ၁၈ရက်က မူးယစ်သောက်စား မောင်းနှင်သူများအား စစ်ဆေးစဉ် ယာဉ်မောင်း ၁၀၄ဦးအားဖမ်းဆီးခဲ့သည်။ ယင်းတို့အနက် အများစုမှာ ယာဉ်မောင်းလိုင်စင်မရှိသူများ ဖြစ်သည်ဟုဆိုသည်။ ငါးနှစ်အတွင်းတွင် ဒီဇင်ဘာလရောက်တိုင်း ယာဉ်တိုက်မှုကြောင့် ၄၁ဦးနှင့် ၅၁ဦးကြား နှစ်စဉ်သေဆုံးပြီး အများအားဖြင့် အရက်မူးမောင်းနှင်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ (အင်တာနက်)

အမေရိကန်အရာရှိများအတွက်ဗီဇာ ပါကစ္စတန်ကြန့်ကြာအောင်လုပ်နေဟုဆို

ဝါရှင်တန် ဒီဇင်ဘာ ၂၁

ပါကစ္စတန်နိုင်ငံသည် အမေရိကန်အစိုးရအရာရှိများနှင့် ကန်ထရိုက်တာများအား ထုတ်ပေးရမည့် ပြည်ဝင်ခွင့်ဗီဇာ ရာပေါင်းများစွာကို ထုတ်မပေးသေးဘဲ ကြန့်ကြာအောင်လုပ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၇ရက်တွင် ပြောကြားသည်။

ထိခိုက်နေ

ကြန့်ကြာအောင်လုပ်သည့် ယင်းပြဿနာသည် လအတန်ကြာနေပြီဖြစ်ကြောင်း၊ နိုင်ငံသံတမန်များကိုရော ကန်ထရိုက်တာများကိုပါ ထိခိုက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရောဘတ်ဝုဒ်က ဒီဇင်ဘာ၁၉ရက်တွင် ပြောကြားသည်။ ယင်းကဲ့သို့ ဗီဇာကြန့်ကြာအောင် လုပ်ထားခြင်းကြောင့် မိမိတို့လုပ်ရမည့်အလုပ်ကို ထိခိုက်ကြောင်း၊ မိမိတို့လုပ်ရမည့်အလုပ်များတွင် အကြမ်းဖက်သမားတိုက်ဖျက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားအရေးကိစ္စများပါဝင်ကြောင်းဖြင့်လည်း မစ္စတာဝုဒ်က ပြောကြားသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ စာသင်ကျောင်း အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ဘင်း(မ်)စတက်အဖွဲ့

တိုး ရေးသားသည်

ဘင်း(မ်)စတက်အဖွဲ့သည် တောင်အာရှနှင့် အရှေ့တောင်အာရှမှ နိုင်ငံများပါဝင်သည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ဤအဖွဲ့တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့်နီပေါနိုင်ငံများအဖွဲ့ဝင်အဖြစ် ပါဝင်ကြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ဘင်း(မ်)စတက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ။ (အင်တာနက်ဓာတ်ပုံ)

ဤအဖွဲ့ကို မူလက ဒေသခွဲအဖွဲ့တစ်ခုအဖြစ် ၁၉၉၇ခုနှစ် ဇွန်၆ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ အမည်မှာ ဘီအိုင်အက်စ်တီ-အီးစီ (ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့်ထိုင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) ဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် လေ့လာသူအဖြစ် အစည်းအဝေးတက်ရောက်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာ ၂၂ရက် ဗန်ကောက်၌ ကျင်းပသည့်အဖွဲ့၏ ဝန်ကြီးများ အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ အမည်မှာလည်း ဘီအိုင်အမ်အက်စ်တီ-အီးစီ(ဘင်း(မ်)စတက်)အဖွဲ့ဟု အမည်ပြောင်းလဲလိုက်သည်။

သဘောတူ

ဒါက္ကာ၌ ၁၉၉၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ဒုတိယအကြိမ် ဝန်ကြီးများအစည်းအဝေး၌ နီပေါနိုင်ငံက လေ့လာသူအဖြစ် တက်ရောက်သည်။ ထို့နောက် ၂၀၀၄ခုနှစ်တွင် နီပေါနှင့်ဘူတန်နိုင်ငံတို့ အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြသည်။ ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ရက်တွင် ကျင်းပသည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေး၌ အဖွဲ့၏အမည်ကို ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (ဘင်း(မ်)စတက်)ဟူ၍ မည့်ခေါ်ရန်အဖွဲ့ဝင်နိုင်ငံများက သဘောတူဆုံးဖြတ်ကြသည်။

ပူးပေါင်းဆောင်ရွက်

အဖွဲ့စတင်ထူထောင်သည့် ဗန်ကောက်ကြေညာချက်အရ အဖွဲ့၏ ဦးတည်ရည်ရွယ်ချက်များတွင် စီးပွားရေး အလျင်အမြန်တိုးတက်ရေးအတွက် ပတ်ဝန်းကျင်ဖန်တီးရန်၊ ဒေသခွဲအတွင်း လူမှုရေးဖွံ့ဖြိုးမှုအရှိန်မြှင့်ရန်၊ အကျိုးတူကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ကူညီရိုင်းပင်းမှုမြှင့်တင်ရန်၊ သုတေသနနှင့် သင်တန်းများအသွင်ဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကူအညီပေးရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းများကို အထောက်အကူပြုမည့် လိုက်ဖက်သော လက်တွဲကြိုးပမ်းမှုများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ လက်ရှိနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်အကျိုးရှိရှိ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို ထိန်းထားရန် စသည့် ရည်ရွယ်ချက်များ ပါဝင်သည်။

ဤအဖွဲ့ကို အာဆီယံနှင့် တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာ့အတ်)တို့၏ အဆက်အသွယ်တစ်ခုအဖြစ်လည်း ရှုမြင်နိုင်သည်။

ဘင်း(မ်)စတက်အဖွဲ့၏ အဖွဲ့ဝင်ခုနစ်နိုင်ငံက ဦးစားပေးကဏ္ဍ ၁၃ခုကို သတ်မှတ်ထားသည်။

၎င်းတို့မှာ-

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်တားဆီးရေးလုပ်ငန်း၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူအချင်းချင်းဆက်ဆံရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရေးကဏ္ဍတို့ဖြစ်သည်။

ပေါင်းစပ်ထား

ဘင်း(မ်)စတက်အဖွဲ့သည် အခြားသောအဖွဲ့အစည်းများနှင့် ကွာခြားသည်။ ဆိုကြပါစို့-လူနေမှုဘဝ၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုစသဖြင့် ကမ္ဘာပေါ်တွင်မတူကွဲပြားသည့် ဒေသများကို တစည်းတလုံးတည်း ပေါင်းစပ်ထားသည့်အဖွဲ့ဖြစ်သည်။

ကမ္ဘာ့လူဦးရေ၏ ၂၁ရာခိုင်နှုန်းဖြစ်သော ပြည်သူ ၁ဒသမ ၃ဘီလီယံတို့ မှီတင်းနေထိုင်ရာ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများကို ပေါင်းစည်းပေးထားသည့် အဖွဲ့လည်းဖြစ်သည်။

ဦးစားပေးကဏ္ဍများကို ဦးဆောင်မည့်အဖွဲ့ဝင်နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၌	ဘင်္ဂလားဒေ့ရှ်
သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၌	အိန္ဒိယ
စွမ်းအင်၌	မြန်မာ
ခရီးသွားလုပ်ငန်း၌	အိန္ဒိယ
နည်းပညာ၌	သီရိလင်္ကာ
ငါးဖမ်းလုပ်ငန်း၌	ထိုင်း
လယ်ယာစိုက်ပျိုးရေး၌	မြန်မာ
ပြည်သူ့ကျန်းမာရေး၌	ထိုင်း
ဆင်းရဲမွဲတေမှုလျှော့ပါးရေး၌	နီပေါ
အကြမ်းဖက်မှုနှင့်နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုနှိမ်နင်းရေး၌	အိန္ဒိယ
ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်တားဆီးရေး၌	အိန္ဒိယ
ယဉ်ကျေးမှု၌	ဘူတန်
ပြည်သူအချင်းချင်းဆက်ဆံမှု၌	ထိုင်းနိုင်ငံ

တို့ဖြစ်သည်။ ဘင်း(မ်)စတက်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်များ၏ အမည် အက္ခရာစဉ်အတိုင်း အလှည့်ကျတာဝန်ယူကြရသည်။

ကိုးကား-အင်တာနက်

အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းများကို အထောက်အကူပြုမည့် လိုက်ဖက်သော လက်တွဲကြိုးပမ်းမှုများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ လက်ရှိနိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အကျိုးရှိရှိ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုကို ထိန်းထားရန် စသည့်ရည်ရွယ်ချက်များ ပါဝင်သည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဩစတြေးလျား၌အအေးလွန်ကဲ၊ သုံးဦးသေဆုံး

ဩစတြေးလျားနိုင်ငံသားသုံးဦးသည် ဩစတြေးလျားနိုင်ငံ၏ ပြည်နယ်များဖြစ်သော စတီယာမတ်နှင့် ဆာလ်ဇ်ဘတ်တို့ရှိ ဒေသခံအဖျော်ယမကာ စားသောက်ဆိုင်များမှ နေအိမ်သို့အပြန်လမ်းတွင် သွေးခဲပြီး သေဆုံးသွားကြောင်း၊ ဩစတြေးလျားနိုင်ငံတွင် ယခုနှစ်ဆောင်းရာသီအတွင်း ပထမဦးဆုံး အအေးလွန်ပြီးသေဆုံးရခြင်းဖြစ်ကြောင်း ဩစတြေးလျားသတင်းဌာန(အေပီအေ)က သတင်းထုတ်ပြန်သည်။

တရုတ်အလယ်ပိုင်း၌ သဲတင်သင်္ဘောနစ်မြုပ်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့ရှိ ယန်စီမြစ်အတွင်း၌ သဲတင်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ထိခိုက်သေဆုံးမှုမရှိကြောင်း၊ ယခုအခါ သင်္ဘောဆယ်ယူရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ဒေသအာဏာပိုင်များက ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ (အောက်ပုံ)



လွတ်လပ်စွာကုန်သွယ်ရေး ပနားမားနှင့် ဥရောပဆွေးနွေးမည်

ပနားမားနိုင်ငံသည် ဥရောပလွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့ (အီးအက်ဖ်တီအေ)အဖွဲ့ဝင်နိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် (အက်ဖ်တီအေ)ချုပ်ဆိုရေးအတွက် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပနားမားကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်မီးတောင်ရှင် ရက်ပိုင်းအတွင်းပေါက်ကွဲဖွယ်ရှိ

ဖိလစ်ပိုင်နိုင်ငံရှိ အင်အားအကြီးဆုံး မီးတောင်ရှင်သည် ရက်ပိုင်းအတွင်း အန္တရာယ်များသည့် ပေါက်ကွဲမှုဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်အစိုးရပိုင်မီးတောင်နှင့် မြေငလျင်ရေးရာဌာန (ပီဗို့စ်)က ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးနှင်းများအကြားပိတ်မိနေသည့် ဂျာမန်နှစ်ဦး နော်ဝေရဲတပ်ဖွဲ့ကယ်တင်

နော်ဝေနိုင်ငံတွင် ဆီးနှင်းများဖြင့် ပိတ်ဆို့နေသော ဂျာမန်ကျောင်းသားနှစ်ဦးအား နော်ဝေရဲတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းက ဒီဇင်ဘာ ၂၁ ရက်တွင် ကယ်တင်လိုက်ရကြောင်း နော်ဝေသတင်းစာ အာဖတန်ပိုစတန်က နော်ဝေအနောက်ဘက်ကမ်းခြေရှိ ဘာဂင်ဆိပ်ကမ်းမြို့မှနေ၍ သတင်းပို့သည်။

မကာအို မိခင်နိုင်ငံသို့ပြန်လည်လွှဲအပ်သည့် (၁၀)နှစ်ပြည့် အခမ်းအနား ကျင်းပ

မကာအိုကို မိခင်တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်မကြီးသို့ ပြန်လည်လွှဲအပ်သည့် (၁၀)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် တွေ့ဆုံပွဲအခမ်းအနားနှင့် မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရ တတိယသက်တမ်းစတင်သည့် အခမ်းအနားများကို မကာအိုတွင် ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည်။

မာလာဝီနှင့် တန်ဇန်းနီးယား၌ အင်အားပြင်းငလျင်လှုပ်

အာဖရိကတောင်ပိုင်းနိုင်ငံများဖြစ်သော မာလာဝီနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင် ဒီဇင်ဘာ ၂၀ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်သွားသဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအများအပြားရှိခဲ့ကြောင်း၊ လူအများအပြားသေဆုံးပြီး ဒဏ်ရာရရှိသူ အမြောက်အမြားရှိကြောင်း နိုင်ရိုဘီမှရရှိသော သတင်းများအရ သိရသည်။ **(အပေါ်ပုံ)**

ဆော်ဒီမင်းသားအယ်လ်ဝါလီဆိ အာရပ်ကမ္ဘာ၌ အချမ်းသာဆုံးဖြစ်ဆဲ

ဆော်ဒီအာရေဗျမင်းသား အယ်လ်ဝါလီဆိဘင်တာလားလ်ဘင်အဗ္ဗဒူလာဇစ်အယ်လ်ဆော့သည် ယခုနှစ်တွင်လည်း အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကြွယ်ဝနေဆဲဖြစ်သဖြင့် ချမ်းသာသည့် အာရပ်ကမ္ဘာတွင် အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက်ထုတ် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) စီးပွားရေးဂျာနယ်တစ်စောင်၌ ဖော်ပြထားသည်။

(အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ သံတွဲလေဆိပ်လေယာဉ်ပြေးလမ်း ပြုပြင်တည်ဆောက်ရေးစစ်ဆေး

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

နေပြည်တော် ဒီဇင်ဘာ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဒီဇင်ဘာ ၁၆ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြပြီး သံတွဲလေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး(လေယာဉ်ကွင်းပံ့ပိုးထုတ်) ဦးကျော်စိုးက သံတွဲလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လေဆိပ်အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းပြီးစီးမှု အခြေအနေ၊ လေယာဉ်ပြေးလမ်း ပြုပြင်တိုးချဲ့တည်ဆောက်နေမှု အခြေအနေနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လေဆိပ်ဝန်းကျင်ကို အမြဲတမ်း သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ရေး၊ တိုးချဲ့ခြင်းလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အလေအလွင့်မရှိစေရေး၊ လေယာဉ်နှင့် ခရီးသည်များ အန္တရာယ် မဖြစ်စေရန် ဂရုပြုဆောင်ရွက်ရေး၊ လုံခြုံမှု အစဉ်သတိပြုရေး၊ ဝန်ထမ်းများ မိမိလုပ်ငန်းတာဝန်ကို အလေးထား၍ ကျေပွန်အောင် ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း တိုးချဲ့ရန်အတွက် စက်ယန္တရားကြီးများဖြင့် တောင်ဖြိုခြင်းလုပ်ငန်းများနှင့် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေယာဉ်များ ဆင်းသက်နေမှု၊ လေယာဉ်ပေါ်သို့ ခရီးသည်များ တက်/ဆင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ဖြတ်သန်းစီးဆင်း

ထို့ပြင်တစ်ပါး ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင် စသောမြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်တို့ကလည်း နိုင်ငံ၏

ကလေးကစားစရာကွင်းကို ဤသို့ ထားရှိသည်။ (မြန်မာ့အလင်း)

ကျောရိုးယှက်ဖြာရာတစ်လျှောက် ဖြတ်သန်းစီးဆင်းနေမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသကဲ့သို့ သဘာဝအလှတရားများမှာလည်း ပေါများစွာ တွေ့ရပေသည်။ ထိုပကတိ တည်ရှိနေသော သဘာဝအရင်းအမြစ် အလှတရားများအပေါ် အခြေခံလျက် ကမ်းခြေများ၊ အပန်းဖြေစခန်းများ၊ ခရီးသွားဒေသများ အဖြစ် တည်ဆောက်ပေးလျက်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ခရီးသွားများ လာရောက်ရာ အပန်းဖြေစခန်းများ ပေါများလာသည်။

ငလိုက်ကန်သာ

ဤသို့ သဘာဝအပန်းဖြေစခန်းများ အဖြစ် တည်ဆောက်ဖန်တီးလျက်ရှိရာတွင် နေပြည်တော်အနီး ငလိုက်ကန်သာ အပန်းဖြေစခန်းသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ငလိုက်ကန်သာအပန်းဖြေစခန်းသည် နေပြည်တော်ပျဉ်းမနား-တောင်ညိုကားလမ်းဘေး ကျွဲရှင်းကျေးရွာအနီး၌ တည်ရှိသည်။

ငလိုက်ကန်သာ အပန်းဖြေစခန်း၌ အပန်းဖြေအနားယူနေသော ပြည်သူများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြင်ကွင်း

မြန်မာ့အလင်း သတင်းခရီးသည်များသည် မကြာမီက ငလိုက်ကန်သာ အပန်းဖြေစခန်းသို့ အလည်တစ်ခေါက်ရောက်ခဲ့သည်။ သတင်းအဖွဲ့သည် နေပြည်တော် ပျဉ်းမနားမှ နံနက် ၈နာရီတွင် ဘတ်စ်ကားဖြင့် သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ လမ်းတစ်လျှောက်တွင် နေပြည်တော်၏ တိုးတက်ပြောင်းလဲနေသော မြင်ကွင်းများ၊ ကျေးရွာများ၊ စိုက်ခင်းများနှင့် တောတောင်ရှုခင်းများကို တွေ့ရသည်။ တစ်နာရီခွဲခန့်အကြာ ကားစီးပြီး ကျွဲရှင်းကျေးရွာတွင် ဆင်းကြပြီး တောင်ပေါ်သို့ ကွန်ကရစ်လမ်းမကြီးအတိုင်း တက်ရောက်သွားခဲ့ကြသည်။ မကြာမီ သာယာလှပသော ငလိုက်ကန်သာ အပန်းဖြေစခန်းကို တွေ့ရသည်။

ငလိုက်ကန်သာ အပန်းဖြေစခန်းမှာ ငလိုက်ဆည်ကို အမှီပြု၍ တည်ဆောက်ထားကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၉)က အဆိုပါ ငလိုက်ဆည် သာယာလှပရေးကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တည်ဆောက်ထား

ယခုအခါ ငလိုက်ဆည်အတွင်း ရေလယ်ကျွန်း အပန်းဖြေစခန်း၊ ရေလွှာလျှောစီး၊ ကော်ဖီဆိုင်များ၊ ဧည့်နားနေဆောင်များ၊ လုံးချင်းဘန်ဂလိုနှစ်လုံး တည်ဆောက်ပြီးဖြစ်သည်။ ယင်းအပန်းဖြေစခန်းတွင် တည်းခိုခန်းများလည်း ရှိကြောင်း သိရသည်။ နေပြည်တော်နေ ပြည်သူများ ခရီးသွားလာ အပန်းဖြေ အနားယူနိုင်ရေးအတွက် တည်ဆောက်ထားခြင်းဖြစ်သည်။

ငလိုက်ကန်သာ အပန်းဖြေစခန်းသည် ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီး ဖြတ်သန်းသွားရာ ဒေသတစ်ခုလည်း ဖြစ်နေသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည့် ရန်ကုန်-နေပြည်တော်အပိုင်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ နေပြည်တော်-မန္တလေးအပိုင်းကို ဆောင်ရွက်လျက်ရှိသည်။ ယင်းအမြန်လမ်းမကြီး စီမံကိန်းပြီးစီးသွားပါက ငလိုက်ကန်သာ အပန်းဖြေစခန်းသည်လည်း ခရီးသွားများ ဝင်ရောက်နားခိုရာ အဓိကအပန်းဖြေစခန်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

စည်ကားများပြား

အဆိုပါ ငလိုက်ကန်သာ အပန်းဖြေစခန်းသို့ ယခုအခါ နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားတို့မှ ပြည်သူများသည် နေ့စဉ်လာရောက် အပန်းဖြေလျက်ရှိကြောင်း၊ စနေ၊တနင်္ဂနွေနှင့် ရုံးပိတ်ရက်များ၊ သင်္ကြန်တွင်းကာလတို့၌ စည်ကားများပြားကြောင်း သိရသည်။

ဆွတ်ပျံ့ကြည်နူးဖွယ်

ငလိုက်ကန်သာ အပန်းဖြေစခန်း၌ ဟိုတယ်တစ်ခုလည်းရှိသည်။ စားသောက်ဖွယ်ရာ မျိုးစုံရသည်။ ငလိုက်ဆည်အတွင်းရှိ ရေလယ်ကျွန်းများသို့ လှေငယ်များဖြင့် လှည့်ပတ် သွားလာနေကြသူများကိုလည်း တွေ့ရသည်။အပန်းဖြေစခန်း ဟိုတယ်တည်ရှိရာ နေရာ၌ ရေတမာပင်များ အစီအရီ စိုက်ပျိုးထားသည်။ နားနေစရာ ထိုင်ခုံလေးများကိုလည်း သန့်ရှင်းလှပစွာ ပြုလုပ်ထားသည်။ အပန်းဖြေစခန်းမှ ငလိုက်ဆည်၏ ရေပြင်ကျယ်မြင်ကွင်းနှင့် ပဲခူးရိုးမ၏ တောတောင်ရှုခင်းများကို ဆွတ်ပျံ့ကြည်နူးဖွယ်တွေ့ရသည်။ ငလိုက်ဆည်၏ ဆည်ဖျားတစ်နေရာတွင် ကမ်းခြေအတုကိုလည်း တည်ဆောက်နေပြီ ဖြစ်သည်။ ယင်းကမ်းခြေအတု ပြီးစီးသွားပါက သဲသောင်ပြင်နှင့် ပင်လယ်ပြင် အရသာကို ခရီးသွားပြည်သူများ ခံစားနိုင်ကြမည်ဖြစ်သည်။ ငလိုက်ဆည်၏ အောက်ဘက်တွင် ရေလွှာလျှောစီး ရှိသည်။

နေပြည်တော် ပျဉ်းမနား ငလိုက်ကန်သာ အပန်းဖြေစခန်း၌ အပန်းဖြေ အနားယူရာ အဆောင်နှင့် ငလိုက်ဆည်၏ ရှုခင်းအလှ။ (မြန်မာ့အလင်း)

အပန်းဖြေစခန်း

ယင်းရေလွှာလျှောစီး နေရာသည် အရိပ်ရသော ယူကလစ်ပင်ကြီးများကြောင့် အေးမြလှသည်။ စားသောက်ဆိုင်ငယ်များ၊ ကော်ဖီဆိုင်များ၊ အအေးဆိုင်များလည်းရှိသည်။ ကလေးကစားစရာ နေရာများလည်းရှိသည်။ ယင်းနေရာသည် ခရီးသွားအပန်းဖြေသူများ အစည်းကားဆုံး နေရာဖြစ်သည်။ ငလိုက်ကန်သာ အပန်းဖြေစခန်းမှ နေဝင်ဆည်းဆာအလှကိုလည်း သာယာရှုမောဖွယ်တွေ့ရသည်။ ငလိုက်ကန်သာ အပန်းဖြေစခန်းတွင် ကုမ္ပဏီနှစ်ခုက အပန်းဖြေနားနေဆောင်များ အပါအဝင် စီမံကိန်းလုပ်ငန်းများလည်း တိုးချဲ့ ဆောင်ရွက်နေကြောင်း သိရသည်။

တိုးချဲ့

သို့ပါ၍ ငလိုက်ကန်သာအပန်းဖြေစခန်း စီမံကိန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ရာ နေပြည်တော်နေ ပြည်သူများနှင့် ခရီးသွားဧည့်သည် ခရီးသွားအပန်းဖြေစခန်းတစ်ခုအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါကြောင်း ကွင်းဆင်း စေ့ငုတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ငလိုက်ကန်သာ အပန်းဖြေစခန်း၌ ရေတမာပင်များနှင့် နားနေရာအေးရိပ်ငြိမ်များ····။ (မြန်မာ့အလင်း)

မြို့ရွှေရတု၏ ရွှေရတုသဘင်

သတင်းအက်ဆေး - မောင်စိမ့်စမ်း

လွန်ခဲ့သော ၁၉၅၉ခုနှစ်က ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ဥက္ကလာပမြို့သစ် (မြောက်ပိုင်း)၊ ဥက္ကလာပမြို့သစ် (တောင်ပိုင်း)နှင့် သာကေတဟူသော မြို့သစ်သုံးမြို့ တစ်ပြိုင်တည်းပေါ်ထွန်းခဲ့၏။ ရွှေရတုသက်တမ်းကို ဖြတ်သန်းပြီးနောက် အဆိုပါမြို့သစ် သုံးမြို့သည် ယခုအခါ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်တွင် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် သာကေတမြို့နယ်အမည်များဖြင့် စည်ကားပြီး ထင်ရှားသော မြို့နယ်ကြီးများအဖြစ် အခိုင်အမာရပ်တည်လျက်ရှိနေပေပြီ။

မြို့သက်တမ်း

ဥက္ကလာပမြို့သစ်(မြောက်ပိုင်း)ကို တည်ထောင်စ၊ မိမိတို့ကလေးဘဝကပင် စတင်ပြောင်းရွှေ့နေထိုင်ကြ၊ ထိုမြို့သစ်၌ပင် ပညာသင်၊ မြို့သစ်မှာပင် အရွယ်ရောက်၊ မြို့သစ်မှာပင် အခြေချ၊ မြို့သစ်နှင့်အတူ ကြီးပြင်းလာခဲ့ရသော်လည်း မြို့သစ်၏ သက်တမ်းကို မေ့လျော့နေမိခဲ့၏။ ၂၀၀၈ခုနှစ်၏ တစ်နေ့သောအခါ၊ တစ်ခုသောအခမ်းအနားသို့ ဖိတ်ကြားသဖြင့် တက်ရောက်ခဲ့ရာ မြောက်ဥက္ကလာပမြို့တည် ရွှေရတုမော်ကွန်းစာအုပ်ကို ထုတ်ဝေမည်ဖြစ်ကြောင်း၊ မြို့သစ်နှင့်ပတ်သက်၍ မိမိတို့ထိတွေ့ ဆက်စပ်မိသမျှ အမှတ်တရများ ရေးသားပေးပို့နိုင်ကြောင်းသိရမှ မြို့သစ်၏သက်တမ်း နှစ်(၅၀)သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတိပြုမိတော့၏။

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တာဝန်ကျေကြပါ၏။ ၂၀၀၉ခုနှစ်ဆန်းစတွင် "မြောက်ဥက္ကလာပမြို့တည် ရွှေရတုမော်ကွန်း (၁၉၅၉-၂၀၀၉)" စာအုပ်ကြီး ခံ့ခံ့ညားညား ထုတ်ဝေဖြန့်ချိနိုင်သဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါ၏။ မိမိကိုယ်တိုင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ကိုယ်တိုင်ရေးဆောင်းပါးတစ်ပုဒ် ရွေးချယ်ဖော်ပြခံရသဖြင့်လည်းကောင်း၊ မြို့နယ်ရှိ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များတွင် တစ်ဦးအပါအဝင်အဖြစ် ဓာတ်ပုံနှင့်တကွ အတ္ထုပ္ပတ္တိအကျဉ်းကို ထည့်သွင်းဖော်ပြခံရသဖြင့်လည်းကောင်း အထူးပင် ကျေးဇူးတင်မိပါ၏။

သတင်းစကား

ထိုစဉ် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည် ဖြစ်ကြောင်း သတင်းစာတွင် ဖတ်လိုက်ရသဖြင့် စိတ်ဝင်စားမိပြန်ပါ၏။ တစ်ဆက်တည်းပင် အဆိုပါကျောင်း၏ ရွှေရတုပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားကြားလိုက်ရပြန်သဖြင့် ပို၍ပင် အားတက်သရော ဖြစ်လာမိ၏။

ယခင် ဥက္ကလာပမြို့သစ်(မြောက်ပိုင်း)ရှိ ရပ်ကွက်တစ်ခုချင်းစီတွင် မူလတန်းကျောင်းလေးများ အနည်းဆုံး တစ်ကျောင်းစီ ဖွင့်လှစ်ထားရှိသကဲ့သို့ အလယ်တန်းကျောင်းလေးတစ်ကျောင်းကိုလည်း ဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ အဆိုပါ ကျောင်းကလေး များသည်လည်း ရွှေရတုသက်တမ်းသို့ ရောက်ရှိလာပြီဖြစ်ပါ၏။

တည်ရှိခဲ့

မိမိတို့ငယ်စဉ်က တက်ရောက်ခဲ့ရသော အလယ်တန်းကျောင်းကလေးသည် မြို့၏အချက်အချာဖြစ်သော ခေမာသီနှင့် မေဓာဝီလမ်းမကြီးများအကြား သုနန္ဒာနှင့် ကရဝိက်လမ်းတို့ဖြင့် ဆက်သွယ်ထားရှိရာ (ဆ) ရပ်ကွက်အတွင်းရှိ မြေကွက်ကြီးအတွင်း ထီးတည်း တည်ရှိခဲ့၏။ ခေမာသီလမ်းမကြီးမှ ကျောင်းလေးရှိရာသို့ သွားရောက်ရာ မြေနီလမ်းကလေး၊ ထိုစဉ်က ချစ်သူ လမ်းကြားလေး၊ ထိုလမ်းကလေးကို ဖြတ်သန်းစီးဆင်းသွားသော ရေနုတ်မြောင်း သို့မဟုတ် ငမိုးရိပ်ချောင်းသို့ စီးဝင်ရာ ရိုးချောင်း ကလေး၊ ထိုချောင်းကိုဖြတ်ကူးရန် ထိုးထားသော သစ်သားတံတား၊ ထိုစဉ်က မေတ္တာပေါင်းကူးတံတားလေး စသည်ဖြင့် အမှတ်တရ ရှိလှ၏။

ယခုအခါ မြောက်ဥက္ကလာပမြို့နယ်အမည်ဖြင့် ရန်ကုန်တိုင်းအတွင်း ထင်ရှားသော မြို့နယ်တစ်ခုအဖြစ် ကောင်းစွာ ရပ်တည်နေပြီဖြစ်သကဲ့သို့ ထိုစဉ်က တစ်ခုတည်းသော အလယ်တန်းကျောင်းကလေးသည်လည်း အစိုးရတန်းမြင့်ကျောင်း၊ ထိုမှတစ်ဆင့် အစိုးရအထက်တန်းကျောင်း၊ ယခုအခါ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအမည်ဖြင့် မြို့သစ်၏ ရွှေရတုကာလအတွင်း တင့်တယ်ထည်ဝါစွာ ရပ်တည်နေနိုင်ပေပြီ။

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသည် ဤကဲ့သို့သော ရွှေရတုကာလကို အလွယ်တကူ သက်သောင့်သက်သာ ဖြတ်သန်းလာခဲ့ရသည်မဟုတ်။ ခက်ခဲကြမ်းတမ်းသော ဘဝလမ်းခရီးတွင် သားသမီးများပညာရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေရ။ မဖြစ်မနေ ကျောင်းတက်ပညာသင်ကြားစေခဲ့သော မိဘတို့၏ ထားရှိသောစေတနာ၊ သားသမီးများ အတွက် ရေရှည်မျှော်မှန်းချက်များ၊ ခိုင်မာသော စိတ်ဓာတ်အင်အားနှင့် မပျက်မကွက် ထမ်းဆောင်ခဲ့ကြသည့် တာဝန်ကျေပွန်မှုများ ကြောင့် မိမိတို့ ပညာသင်ကြားခွင့် ရရှိခဲ့ကြသည်ကို မမေ့မလျော့ သတိတရ ရှိသင့်လှ၏။

ထင်ရှားသောပြယုဂ်

သွပ်မိုး၊ ဝါးထရံကာ၊ မြေစိုက် တစ်ထပ်ကျောင်းဆောင်ကလေးတစ်ခုအဖြစ် စတင်ခဲ့ရသော ကျောင်းတော်လေးသည် ယခုအခါ သွပ်မိုး၊ အုတ်နံ့ကပ်၊ R.C စသည့် ခေတ်မီ နှစ်ထပ်တိုက်ကျောင်းဆောင်ကြီးများ၊ ကွန်ပျူတာခန်းမ၊ Learning Centre၊ စာကြည့်တိုက် စသည့် သင်ထောက်ကူများ၊ မြတ်ခရေခန်းမ၊ မေတ္တာရိပ်ရင်ပြင်ကြီးစသည့် အဆောက်အအုံဗိမာန်များ၊ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော်၊ ဆရာ ဆရာမ ၁၄၀ ကျော်ဖြင့် အစဉ်အလာကြီး၊ အင်အားကြီး ကျောင်းတော်ကြီးအဖြစ် အခိုင်အမာ ရပ်တည်နိုင်လာ၏။ မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းသောအင်အား၏ ထင်ရှားသောပြယုဂ်ကြီးပင် ဖြစ်ပါ၏။

အထက(၁) မြောက်ဥက္ကလာ၏ ရွှေရတုသဘင်ပွဲတော်ကြီး ဖြစ်မြောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းလိုက်ကြောင်း၊ ရွှေရတုအခမ်းအနားများကို ဒီဇင်ဘာ ၂၃ရက် **(မနက်ဖြန်)**မှစ၍ ၂၇ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပေတော့မည်။

ကောင်းမြတ်သောစေတနာ

မြို့ရွှေရတု မြောက်ဥက္ကလာ၏ တစ်ခုသော အထက(၁) ရွှေရတုသဘင်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရွှေရတုပွဲတော်ကြီးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိသူ အပေါင်း၏ ကောင်းမြတ်သောစေတနာ၊ အစဉ်အလာကောင်းနှင့် ဆောင်ရွက်မှုအစုစုတို့ကို မှတ်တမ်းပြုလိုက်ရပါသည်။ ။

ကတ္တရာခင်း

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်၌ မြတ်မိခင် ကျေးလက်စာကြည့်တိုက်ဖွင့်

ပျော်ဘွယ် ဒီဇင်ဘာ ၂၁

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ၌ မြတ်မိခင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ အဆောက်အအုံရှေ့၌ နိုဝင်ဘာ ၁၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျီရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဦး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာငှားစနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြော၍ သုတရသစာအုပ်မျိုးစုံကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းကိုင် လွယ်မော်စာကြည့်တိုက်ဆောက်ရန် မတည်ငွေပေးအပ် DTH စလောင်းများ ကျေးရွာစာကြည့်တိုက်များ၌ တပ်ဆင်

တောင်ကြီး ဒီဇင်ဘာ ၂၁

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH စလောင်းနှင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မတည်ငွေ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH စလောင်းသုံးစုံကို ဆင်ရှေ့ကျေးရွာအုပ်စု ဝမ်မိုင်စာကြည့်တိုက်၊ ပန်ကေတု ကျေးရွာအုပ်စု ပညာဗိမာန်စာကြည့်တိုက်နှင့် ဆင်မြောက်ကျေးရွာအုပ်စု လွယ်လိုင်စာကြည့်တိုက်တို့တွင် တပ်ဆင်ရန် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။

ပေးအပ်

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက ဆင်မြောက်ကျေးရွာအုပ်စု လွယ်မော်စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော် မတည်ငွေကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတာလိန်ထံ ပေးအပ်ပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ပြည်နယ် ပြန်/ဆက်)

ရေပြာဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးကြည်ဇင်ထွန်းသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရေပြာဂေါက်ကွင်း၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဦးနေအေး၊ ဦးသိန်းဇော်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒေါက်တာလင်းအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၂၄ကိုက်ကွာဝေးသော ကျင်းအမှတ် (၁၆)၌ **Power Bilt** ဘောလုံးနံပါတ် **(0)** ကို **Golf Planner** အမျိုးအစား သံတုတ်နံပါတ် (၈)ဖြင့်ရိုက်ခဲ့ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သရုပ်ပြ လေ့ကျင့်

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် သုဝဏ္ဏ ဈေးကြီးအတွင်း နိုဝင်ဘာ ၂၉ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၊ ဈေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးဝန်ထမ်းများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်သိန်း ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဖွင့်ပွဲ၌ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် ယနေ့နံနက် ၉နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ် (၂၀)နှင့်နိုင်ငံတကာဆက်ဆံရေးသင်တန်းအမှတ်စဉ် (၁၀) သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ (ယာပုံ)

သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ဌာနမှူးများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းများတွင် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၂၀)၌ သင်တန်းသား၃၀၊ နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ်(၁၀)၌ သင်တန်းသား၂၀၊ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၉ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၀၉ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထားပေးပို့ကြရန်ဖြစ်သော်လည်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ပုံစံနှင့်စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ် ၂၀၀ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင် ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်းနှင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း မြန်မာ့အသံဝန်ထမ်းအိမ်ရာနေ ဦးဝင်းကြည် (ညွှန်ကြားရေးမှူး MRTV-3)-ဒေါ်အေးအေးသန်း၊ သား ထူးအောင်သန့်၊ သမီး ခိုင်မေထွန်း မိသားစုက (၂၆)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အတွက် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခရမ်း အထက (၁)နှင့် (၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း ခရမ်းမြို့ အထက(၁)နှင့်အထက (၂) မြို့မ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် တနင်္ဂနွေနေ့ နံနက် ၁၁နာရီတွင် ခရမ်းမြို့ သာသနာ့ဗိမာန်တော် သကျိမာရဇိန်သွန်းဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ ကြွရောက် အပူဇော်ခံကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးမြင့်လှိုင် ဖုန်း-၀၅-၆၃၀၄၁၄၊ ဦးစောဝင်း ဖုန်း-၀၅-၆၃၀၁၉၄၊ ဦးအေးကို ဖုန်း-၀၅-၆၃၀၁၄၅၊ ဦးနိုင်လင်း ဖုန်း-၀၉-၈၆-၄၅၆၃၆၊ ဦးအောင်ကျော်ဆွေ ဖုန်း-၀၉-၈၆-၄၅၇၀၇ နှင့် ဦးအောင်လေး ဖုန်း-၀၉-၈၆-၄၅၂၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပို့ဆောင်ပေး

ရန်ကုန်မှ လိုက်ပါပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်-ခရမ်းကားဂိတ် (အောဂီစီ ရွှေခြသေ့်ကားဂိတ်)မှ ယင်းနေ့ နံနက် ၇နာရီတွင် စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်ပေးပြိုင်ပွဲကြီး ဒီဇင်ဘာ ၂၃ရက် ပြန်စတော့မည် ဒယ်လ်တာအသင်းကို မကွေးအသင်း ဘယ်လိုစိန်ခေါ် ကျော်ဖြတ်မလဲ

➢ သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - စိုးမိုး(IBC) ➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၁

ယခုနှစ် စက်တင်ဘာ ၅ရက်မှ စတင်ကျင်းပခဲ့သော MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကြီးမှာ ဆီးဂိမ်းကာလတွင် တစ်လကြာမျှ ရပ်နားထားခဲ့ရာမှ ယခုဒီဇင်ဘာ ၂၃ရက်တွင် ပြန်လည်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ရတနာပုံဦးဆောင်နေ

မြန်မာဘောလုံးအား အပျော်တမ်းစနစ်မှ ပရော်ဖက်ရှင်နယ်ပုံစံစနစ်သို့ ကူးပြောင်းလိုက်ပြီးနောက် ပထမဆုံး လိဂ်အမှတ်ပေးပွဲပုံစံဖြင့် ကျင်းပခဲ့သော MNL ဘောလုံးပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပခဲ့ရာ အသင်းတစ်သင်းလျှင် စုစုပေါင်း ၁၄ပွဲစီ ကစားရပေမည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၈ရက်အထိ တစ်သင်းလျှင် ၁၀ပွဲစီ ကစားပြီးဖြစ်၍ လက်ကျန်ပွဲ လေးပွဲစီသာ ကျန်ရှိပေတော့သည်။

အလားအလာ

၁၀ပွဲကစားပြီးချိန်၌ မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းမှာ ၂၅ မှတ်ဖြင့် ဇယားထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။ အခုထိ ဒုတိယနေရာက ဒယ်လ်တာယူနိုက်တက်ထက် ငါးမှတ်၊ တတိယနေရာက ကမ္ဘောဇအသင်းထက် ခုနစ်မှတ်သာနေသောကြောင့် ဖိုလ်စွဲရန် အလားအလာ အကောင်းဆုံး ဖြစ်နေသည်။

သို့သော် ပြိုင်ပွဲအဆုံးသတ်ကာလဖြစ်၍ အသင်းတိုင်းက အမှတ်ပြည့်ရအောင် အထူးကြိုးစားလာကြပြီး ပွဲတိုင်းကိုလည်း အနိုင်ရချင်စိတ် အပြည့်နှင့် အားထည့်ကစားနေသောကြောင့် မည်သည့်အသင်းမျှ အလွယ်တကူ အသာစီးရခြင်းမျိုး မရှိတော့ပေ။ လက်ကျန်ပွဲ အရေအတွက်နှင့် လက်ရှိရမှတ် အနေအထားအရ ဇယားထိပ်ဆုံးက ရတနာပုံအသင်းမှာ ချန်ပီယံဖြစ်နိုင်ခြေ အများဆုံးဟု ဆိုနိုင်သော်လည်း သေချာပေါက် ဖိုလ်စွဲပြီဟုတော့ အပြတ်မပြောနိုင်သေးပေ။ အထူးသဖြင့် အဆင့် (၂)နှင့် (၃)နေရာ အပါအဝင် အခြားနေရာများမှာ ရမှတ်ကွာခြားမှု သိပ်မရှိသောကြောင့် ပြိုင်ပွဲပြီးချိန်မှသာ မည်သည့်အသင်းက မည်သည့်အဆင့်တွင် ရပ်တည်နိုင်မည်ကို အဖြေထုတ်နိုင်ပေလိမ့်မည်။

မကွေးအသင်းနှင့် ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာအသင်း။ (မြန်မာ့အလင်း)

အထူးပြင်ဆင်လေ့ကျင့်ထားကြ

ပွဲစဉ် (၁၀)အပြီး ပြိုင်ပွဲ ခေတ္တရပ်နားထားချိန်တွင် အသင်းတိုင်းက လက်ကျန် လေးပွဲစလုံးတွင် ရလဒ်ကောင်းနိုင်ရန် အထူးပြင်ဆင်လေ့ကျင့်ထားကြသည်။ အထူးသဖြင့် အရန်အသင်းလိဂ်ပြိုင်ပွဲများတွင် ပထမအသင်းမှ ကစားသမားအချို့ကို ပွဲရှိန်မပြတ်အောင် ထည့်သွင်းကစားလျက်ရှိနေသောကြောင့် အသင်းတိုင်းမှာ MNL အမှတ်ပေးပြိုင်ပွဲကြီးအတွက် အသင့်ပြင်ထားကြလေသည်။

ယခု ဒီဇင်ဘာ ၂၃ရက်(**နက်ဖြန်**) ညနေ ၄နာရီ သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးကွင်းတွင် ပြန်လည်စတင်တော့မည့် MNL ပြိုင်ပွဲ၊ ပွဲစဉ် ၁၁ အဖြစ် ဒယ်လ်တာယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ထိပ်တိုက်တွေ့မည့်ပွဲက ပရိသတ်များကို စတင်စိတ်လှုပ်ရှား ပေတော့မည်။ MNL အရန်အသင်း ပြိုင်ပွဲများဖြင့်သာ စိတ်ဖြေနေရသော ဝါသနာရှင် ပရိသတ်များအတွက် ပိုမို အကြိတ်အနယ်ရှိပြီး ဆွဲဆောင်မှု အားကောင်းလှသော MNL အမှတ်ပေးပြိုင်ပွဲက ဆီးကြိုနေလေပြီ။

ဒယ်လ်တာအသင်းနှင့် ယှဉ်ပြိုင်မည့် မကွေးကိုယ်စားပြု မကွေးအသင်း။ (မြန်မာ့အလင်း)

အဆင့်(၂)နေရာတွင်ရှိနေသော ဒယ်လ်တာအသင်းအနေဖြင့် ဇယားထိပ်မှ ရတနာပုံအား ဆက်လက်ဖိအားပေးနိုင်အောင် ကြိုးစားမှာသေချာသလို အဆင့်(၆)နေရာတွင် ရောက်နေသော မကွေးအသင်းကလည်း သူတို့အသင်း၏ ဂုဏ်သိက္ခာကို ပြန်မြှင့်တင်နိုင်အောင် အထူးကြိုးစားမှာဖြစ်၍ ယင်းပွဲက အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမှာ သေချာသည်။ ဒီဇင်ဘာ ၂၇ရက်တွင် ဆက်ကစားမည့် အဆင့်(၃)နေရာမှ ကမ္ဘောဇအသင်းနှင့် အဆင့်(၄)နေရာက ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်ကလည်း ပရိသတ်များ မဖြစ်မနေ စောင့်ကြည့်ရမည့် ပွဲကြီးပွဲကောင်း ဖြစ်နေသည်။

သေချာသည့် အချက်ကတော့ ယခုလ ၂၃ရက် ညနေ ၄နာရီမှစပြီး ဆက်လက်ယှဉ်ပြိုင် ကစားမည့် MNL အမှတ်ပေး ပွဲစဉ်အားလုံးမှာ ပရိသတ်များ မဖြစ်မနေ စောင့်ကြည့်သင့်သော ပွဲကောင်းများပင် ဆိုလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်း၌ စာပေဟောပြော

နေပြည်တော် ဒီဇင်ဘာ ၂၁

နေပြည်တော် တပ်ကုန်း မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် ည ၇နာရီက တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြု ဗိမာန်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌက ၁၃၇၁ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သဝဏ်လွှာကို နေပြည်တော်တပ်ကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ(ရွှေသင်းယုလွင်)က ဖတ်ကြားပြီး စာရေးဆရာကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင် အဖွဲ့ဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဟောပြော

ဆက်လက်၍ စာရေးဆရာ ဂျက်(ကွမ်းခြံကုန်း)က ရယ်စရာမောစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမကြူကြူသင်းက သုတရသ-စာပေအလှ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက ဘဝထဲကကဗျာ ကဗျာထဲကဘဝ ခေါင်းစဉ်များဖြင့်လည်းကောင်း ဟောပြောကြသည်။ (၀၉၁)



ပခုက္ကူစာပေစာနယ်ဇင်း ရွေးချယ်ဖွဲ့စည်း

ပခုက္ကူ ဒီဇင်ဘာ ၂၁

ပခုက္ကူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီခွဲက ပခုက္ကူဦးအုံးဖေစာကြည့်တိုက် အပေါ်ထပ်၌ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမေနှင့် မြို့နယ်စာနယ်ဇင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှုဆောင်သစ် ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌ ဒေါ်စောကြိုင် (မအေးငြိမ်း-ပခုက္ကူ)၊ အတွင်းရေးမှူး ဦးအောင်မင်း (ဖိုးအောင်-အညာမြေ)၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးခိုင်(အသွင်ဆန်းပခုက္ကူ) တို့ပါဝင်သော အမှုဆောင်သစ် ငါးဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။ (၀၇၀)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အတင့်အသင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မိုင်းဆတ်မြို့တွင် ၀ဒသမ ၁၂လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများ ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းက ဆက်လက် ကျင်းပရာ နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ကာကွယ်ရေး ဝန်ကြီးဌာနစခန်းမှူးရုံး အသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင် ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၉ (**အင်္ဂါနေ့**)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်
၆:၄၅	ထင်ရှားဖူးမြော်မွေတော် ကက္ကူစေတီတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၄)
၈:၃၀	Sports World
၈:၅၅	"လွင်မိုး"ခရီးသွားနေသည် (ကိုကိုးကျွန်းဆီသို့)
၉:၃၀	Sunday Talk
၁၀:၂၀	ကြည်နူးပီတိဂါရဝ သုံးခွ အထကအာစရိယ
၁၀:၄၀	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၁၀:၅၀	သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာ သီတာအောင်)
၁၁:၂၅	Cartoon Show Time (A Bug's Life)
၁၂:၀၅	Say it in English
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၃၀	စလင်းရေလျှောင်တမံ
၁၂:၄၅	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၁:၀၀	ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Chatrium Dream Wedding(3)
၃:၂၅	"လွင်မိုး"ခရီးသွားနေသည် (ကိုကိုးကျွန်းဆီသို့)
၃:၅၀	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၄:၀၀	Activities in the City (သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများနှင့်ပတ်သက်သော အခမ်းအနား)

ပခုက္ကူစာပေစာနယ်ဇင်း ရွေးချယ်ဖွဲ့စည်း

ပခုက္ကူ ဒီဇင်ဘာ ၂၁

ပခုက္ကူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီခွဲက ပခုက္ကူဦးအုံးဖေစာကြည့်တိုက် အပေါ်ထပ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမေနှင့် မြို့နယ်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှုဆောင်သစ် ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌ ဒေါ်စောကြိုင် (မအေးငြိမ်း-ပခုက္ကူ)၊ အတွင်းရေးမှူး ဦးအောင်မင်း (ဖိုးအောင်-အညာမြေ)၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးခိုင်(အသွင်ဆန်းပခုက္ကူ) တို့ပါဝင်သော အမှုဆောင်သစ် ငါးဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။ (ဝ၇ဝ)

...င် အများအားဖြင့်သာယာမည်

...ည့်တော် ဒီဇင်ဘာ ၂၁

...ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် လွန်ခဲ့သော ...်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင် ...ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီ ...ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများ ...ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ...လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ...ျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မွန်ပြည်နယ်၊ ...နင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် ... ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ...န်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ...ျလက်မဖြစ်သည်။

...အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ... တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ် ...်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

...မှန်းချက်မှာ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ...ငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ...၀ ဖြစ်သည်။

... လှိုင်းအသင့်အတင့်ရှိမည်။

...ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်

...စ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

...စ်ဝိုက်တွင် ယနေ့ သာယာမည်။

...ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

* *ကျောဖုံးမှ*

ပူတာအို ဆွမ်ပရာဘွမ်လမ်းအတိုင်း သွားကြရာ ဆာရဲခွမ်ဒမ်းရွာ၊ ပင်စင်ရွာ၊ စာရိတ္တရွာ၊ ထဝါဒမ်းရွာ စသည့် ကျေးရွာများကို ဖြတ်သန်းခဲ့သည်။ လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်သည်။ လမ်းဘေးဝဲယာတွင် ဒေသလက်ဖက်စိုက်ခင်းများ၊ အသီးများ ပြွတ်သိပ်နေသော ဂရိတ်ဖရုအပင်တွေ့ရပါသည်။ဂရိတ်ဖရုအပင်များမှာ မြေပြန့်တွင် သီးသည့် သရက်ပင်ကဲ့သို့ အသီးများလှပဝေဆာနေသည်။

မြင့် ''ကောင်းမူလုံ''စေတီတော်ကို ဖူးမြော်ရပါသည်။

ကောင်းမူလုံမှလာလမ်းအတိုင်း စက်လှေဖြင့် စုန်ဆင်းရာ မြစ်ကမ်းဘေးဝဲ-ယာမှ အောင်မြင်နေသည့် မိုးစပါး စိုက်ခင်းများ၊ မြစ်၏အလယ် ကမ်းဘေးတို့၌ ဆောက်လုပ်ရေးလုပ်ငန်း၌ အသုံးဝင်သည့် သဘာဝအလျောက် ပေါ်ထွက်လာသော ကျောက်စရစ်ခဲများကား ယူသူမရှိသဖြင့် စုပုံနေပါသည်။

တိုးတက်လာ

၄၅မိနစ်ခန့်အကြာ မချမ်းဘောမြို့ ဆိပ်ကမ်းသို့ ရောက်သည်နှင့် ဧရိယာ အကျယ်အဝန်းမှာ ၁၁၀၄ ဒသမ ၂၂စတုရန်းမိုင် ကျယ်ဝန်းပါတယ်''ဟု မြို့နယ်ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ရှင်းပြသည်။

မချမ်းဘောမြို့နယ်ကို ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ ကျေးရွာ ၁၀၃ရွာဖြင့် ဖွဲ့စည်းထားသည်။ ဒေသခံများမှာ ရိုးသားကြပြီး တောင်ယာလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အများစုမှာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

မိုးစပါးကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၇၃၈၁ ဧကစိုက်ပျိုးရာ ၃၆၀၁၀၈ တင်း ထွက်ရှိပြီး ဆန်ဖူလုံမှုမှာ ၁၀၇ ဒသမ ၃၉တင်းဖြစ်သဖြင့် စသည့် ရပ်ကွက်နှင့် ကျေးရွာများတွင် ၅၅ဧက စိုက်ပျိုးပြီး နေပြီဖြစ်သည်။

ရေနံပင်

ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် ရေနံပင် (Tung Oil)များ မြို့နယ်အတွင်း ၁၀ ဧက ပေါက်ရောက်လျက်ရှိပြီး ယခုအခါ ဌာနဆိုင်ရာများမှ ဧက ၈၀၊ ကျေးရွာများရှိ နေအိမ်ခြံစည်းရိုးများတွင် ၁၈၂ ဧက စိုက်ပျိုးထားသဖြင့် ရေနံပင် ၂၆၂ဧက စိုက်ပျိုးထားသည်။ ဆက်လက်၍ ရေနံပင်မျိုးစေ့များ စုဆောင်း၍ ထပ်မံစိုက်ပျိုးသွားမည်ဟု သိရသည်။

မလိခမြစ်ကိုဖြတ်၍ ကောင်းမူလုံရွာအနီး တည်ဆောက်ထားသည့် ကောင်းမူလုံမြစ်ကူးကြိုးတံတား တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဆန်တက်ခဲ့

ထဝါဒမ်းရွာသို့ရောက်သည်နှင့် ရေစီးသန်သည့် မလိခမြစ်က ဆီးကြိုနေပါသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့် ပူတာအိုတွင် ခုနစ်နှစ်တာဝန်ထမ်းနေသည့် မြို့နယ်အင်ဂျင်နီယာ ဦးတင်ဝင်းလှိုင်တို့က ဒေသကျွမ်းကျင်သူများ ဖြစ်သဖြင့် ချက်ချင်း စက်လှေများစီစဉ်ကာ မလိခမြစ်ကို ဆန်၍ အထက်သို့ တက်ခဲ့ကြသည်။

ပြီးစီး

၁၅မိနစ်ခန့်အကြာတွင် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်သို့ မလိခမြစ်ကိုဖြတ်ကာ ဆောက်လုပ်ဆဲ ကောင်းမူလုံကြိုးတံတားကို တွေ့ရသည်။ မြစ်ကမ်းနှစ်ဖက်စလုံးတွင် စတီးကြိုးများဆွဲရန် တိုင်များထူထောင်ထားပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်းကို တွေ့ခဲ့ရသည်။

ကောင်းမူလုံ ကြိုးတံတားမှ ၅မိနစ်ခန့် စက်လှေခုတ်မောင်းသွားရာ မြစ်ကမ်းယာဘက်တွင် ရွှေရောင်တစ်ဝင်းဝင်းမှ ဉာဏ်တော် စက်လှေပေါ်မှ မော်တော်ဆိုင်ကယ်များချကာ မချမ်းဘောမြို့ပေါ်သို့ ရောက်ရှိခဲ့သည်။ မချမ်းဘောမြို့လေးသည် မြို့အဖြစ် တစ်စတစ်စ ဖွံ့ဖြိုးလာခဲ့သည်။

သတင်းခရီးသည်နှင့်အဖွဲ့သည် မချမ်းဘောမြို့တွင် ထင်ရှားသည့် ''ဂူဘားရိပ်သာ''တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ မြို့နယ်ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်းဦး၊ အတွင်းရေးမှူးတို့က သတင်းခရီးသည် သိလိုသမျှကို ရှင်းပြသည်။

ရှင်းပြ

''မချမ်းဘောမြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၁၄၀၀မှာ တည်ရှိပြီး မြို့နယ်ရဲ့ နယ်နိမိတ်က မြောက်ဘက်မှာ အိန္ဒိယနိုင်ငံနှင့် နောင်မွန်းမြို့နယ်၊ အရှေ့ဘက်မှာ ခေါင်လန်ဖူးမြို့နယ်၊ တောင်ဘက်မှာ ဆွမ်ပရာဘွမ်မြို့နယ်နှင့် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ပူတာအိုမြို့နယ်တို့တွင် တည်ရှိပါတယ်။ ဒေသဆန်ဖူလုံ၊ ပိုလျှံသော မြို့နယ်ဖြစ်ပါသည်။ ဆီထွက်သီးနှံနှင့် အခြားသီးနှံစုံ ဖြစ်သည့် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံ၊ အမယ်သစ်သီးနှံ၊ ချက်ကြဲများကို စိုက်ပျိုးရာတွင်လည်း အောင်မြင်လျက်ရှိသည်။

လက်ဖက်

ပူတာအိုခရိုင်သည် လက်ဖက်ခရိုင်ဖြစ်ရမည်ဟု ရည်မှန်းထားသည့်အတိုင်း မချမ်းဘောမြို့နယ်သည် ၂၀၀၉-၂၀၁၀ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ လက်ဖက်ဧက ၁၂၅၀၀ကို မြို့မ -၁၊ မြို့မ-၂၊ မြို့မ-၃၊ မြို့မ-၄၊ မန်နီ၊ ကောင်းမူလုံ၊ ထရန်ဒမ်း နမ်းခမ်း၊ အင်ဘူးတော့၊ ရှင်ဗွေယန်၊ အလန်ဂါး၊ ထန်းဂါး၊ ဒိန်ချက်၊ မကျန်ဂါး၊ ဒေါင်ရှလာ၊ ဒိန်ဘူဒိန်ဆာ၊ ရှနော်ဂါး စသည့်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် နှစ်အလိုက် စီမံချက်ရေးဆွဲကာ ပျိုးပင်၊ ပန်းကိုင်း ၂၀၄၁၈၇၅ စိုက်ပျိုးရန် စီစဉ်ထားသည်။

ယခုအခါ မြို့မ-၁၊ မြို့မ-၂၊ မြို့မ-၃၊ မြို့မ-၄၊ မန်နီ၊ ထရန်ဒမ်း၊ နမ်းခမ်း၊ အင်ဘူးတော့၊ ဒိန်ချက်

သီးနှံ

မချမ်းဘောမြို့နယ်အတွင်း ဝင်ငွေရသီးနှံများအဖြစ် တယ်သီးပင် ၅၅ ဧက၊ ရှောက်မျိုးနွယ် ၁၄၇ဧက၊ လိမ္မော်ပင် ၃၅ ဧကနှင့် သစ်တော်သီးပင် ဧက ၂၀ ဒေသရာသီဥတုနှင့် ကိုက်ညီသဖြင့် စိုက်ပျိုးထားရာဒေသခံတိုင်းရင်းသားများ အပိုဝင်ငွေများ ရရှိခံစားလျက်ရှိသည်။

ကောင်းမွန်

ထို့အပြင် မချမ်းဘောမြို့နယ်တွင် ငါးကန် ခြောက်ခု၊ ဧရိယာ ၃ ဒသမ ၅ဧကတွင် ငါးများမွေးမြူထားပြီး နွား ၅၀၁၅ကောင်၊ ကျွဲ ၃၉၅၉ ကောင်၊ ဝက် ၉၈၈၅ကောင်၊ ကြက်အကောင် ၅၃၅၀၊ ဆိတ် ၇၈၇ကောင်၊ ဘဲ ၂၆၁၃ ကောင်၊ လား/မြင်း ၂၆၂ ကောင်နှင့် နွားနောက် ၁၃၈ကောင် မွေးမြူထားသဖြင့်လည်း ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးမှာ ကောင်းမွန်လျက်ရှိသည်။

ဆောက်လုပ်ရေး

မချမ်းဘောမြို့နယ် ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးတင်ဝင်းလှိုင်က ''မချမ်းဘောမြို့တွင် ကတ္တရာ ၂မိုင် ၁ဖာလုံနှင့် ကျောက်လမ်း ၇ဖာလုံ စုစုပေါင်း ၃မိုင်၊ မချမ်းဘော ဖရုခမြို့ ချင်းဆက်လမ်းမှာ ကျောက်လမ်း ၆မိုင် ၅ဖာလုံ၊ မြေသားလမ်း ၂၅မိုင် ၃ဖာလုံ စုစုပေါင်း ၃၂ မိုင်၊ နောင်မွန်းလမ်း၊ အပိုင်းမရှိ မချမ်းဘော-အင်ဇိုဇွပ်၊ မြေသားလမ်း ၂မိုင် ၄ဖာလုံ၊ ဆွမ်ပရာဘွမ်လမ်းအပိုင်း၊ မချမ်းဘော၊ နမ်းခမ်းကျောက်လမ်း ၇မိုင်၊ ကားလမ်း ၁၂မိုင် စုစုပေါင်း ၁၉မိုင်ရှိပြီး မြို့နှင့် ကျေးရွာဆက်လမ်းမှာ မချမ်းဘော-နမ်းခမ်း၊ ကောင်းမူလုံ၊ မန်နီလမ်း၊ ကျောက်လမ်း ၇မိုင်၊ မြေတားလမ်း ၁၄မိုင် စုစုပေါင်း ၂၁မိုင်၊ မချမ်းဘော-ရှနော်ဂါးလမ်း၊ မြေသားလမ်း ၂၇မိုင်၊ မချမ်းဘော-ထန်ဂါး-ဒိန်ဘူဒိန်၏ ဆာလမ်းကျောက်လမ်း ၆မိုင် ၅ဖာလုံ၊ မြေသားလမ်း ၅၃မိုင် ၄ဖာလုံ စုစုပေါင်းမိုင် ၆၀ ၁ဖာလုံရှိကြောင်း'' ရှင်းလင်းပြောကြားသည်။

ကျန်းမာရေးဆောင်ရွက်

မချမ်းဘောမြို့နယ်အတွင်း အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း ၃၃ကျောင်းရှိကာ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခု၊ ကျန်းမာရေးဌာန တစ်ခုတွင် ဆရာဝန်တစ်ဦး၊ သူနာပြုလေးဦး၊ လက်ထောက်ကျန်းမာရေးမှူး နှစ်ဦး၊ ကျန်းမာရေးဆရာမ တစ်ဦး၊ သားဖွားဆရာမ ငါးဦးတို့ဖြင့် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကျေးလက်လမ်း

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့အထိ ကျန်းမာရေးကဏ္ဍတွင် ကျပ် ၃၈ဒသမ ၈၄သန်း၊ ပညာရေးကဏ္ဍတွင် ကျပ် ၂၅သန်း၊ လမ်းဖောက်ရေးကဏ္ဍတွင် ၁၃၆ဒသမ ၆၈သန်း၊ တံတားဆောက်လုပ်ရေး ကဏ္ဍတွင် ၉ဒသမ ၂သန်း၊ ကျေးလက်လမ်းများကဏ္ဍတွင် ၃ဒသမ ၇ သိန်း၊ ကျေးလက်တံတားများတွင် ၅ဒသမ ၈သန်း အကုန်အကျခံကာ နိုင်ငံတော်မှ ဒေသခံသွေးချင်းများအတွက် ဆောင်ရွက် ဖြည့်ဆည်းပေးထားသည်။

''မချမ်းဘောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ၁၄၀၀တွင် တည်ရှိပါတယ်''
ဦးခေါင်လန်ဒီး(ဥက္ကဋ္ဌ)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မချမ်းဘောမြို့နယ်။

ဆောက်လုပ်

ဂူဘားရိပ်သာမှ မချမ်းဘောမြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ညီညာသည့် မြေပြန့်မှာ မော်တော်ကားလမ်းသာရှိပြီး အများအားဖြင့် တောင်ကုန်းနံဘေးတွင် အိမ်များဆောက်လုပ် နေထိုင်ကြသည်ကို တွေ့ရသည်။

မချမ်းဘောမြို့နယ်မှ ခေါင်လန်ဖူး၊ ပန်နန်းဒင်၊ နောင်မွန်းမြို့များသို့ သွားရာ လမ်းပေါ်တွင် စိုက်ထူထားသော ဆိုင်းဘုတ်ကို မချမ်းဘော၌ တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

ပူတာအိုနှင့် မချမ်းဘောမြို့နယ်သည် ၁၄မိုင် ကွာဝေးသည်။ ကောင်းမူလုံမှ မလိခမြစ်အတိုင်း မချမ်းဘောသို့ သွားရာ မြစ်ဘေးဝဲ၊ ယာရှိ စပါးခင်းများသို့ ရေစုပ်စက်များဖြင့် နွေစပါးစိုက်ပျိုးခြင်း၊ မချမ်းဘောမြို့နယ်မှ ပူတာအိုသွား နောင်ခိုင်ရွာ-နမ့်ပါရွာ-စီဒင်းရွာ-ဂျူဗလီရွာ အနီးရှိ မော်တော်ကားလမ်းဘေး ပလပ်မြေများအား ခေတ်မီနည်းပညာဖြင့် မြေယာပြုပြင်ကာ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးပါက မချမ်းဘောမြို့နှင့် ပူတာအိုမြို့တို့၏ ဒေသခံများ၏ လူမှုစီးပွားဘဝ မြင့်မားလာခဲ့ပြီး ဖြစ်ပါကြောင်း ကွင်းဆင်းခရီးရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မချမ်းဘောမြို့ ကမ်းနဖူးပေါ်မှ မလိခမြစ်ကို သာမောဖွယ် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

...စဉ်

၈း၃၀	Sports World
၈း၅၅	''လွင်မိုး''ခရီးသွားနေသည် (ကိုကိုးကျွန်းဆီသို့)
၉း၃၀	Sunday Talk
၁၀း၂၀	ကြည်နူးပီတိဂါရဝ သုံးခွ အထကအာစရိယ
၁၀း၄၀	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၁၀း၅၀	သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာ သီတာအောင်)
၁၁း၂၅	Cartoon Show Time (A Bug's Life)
၁၂း၀၅	Say it in English
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၃၀	စလင်းရေလှောင်တမံ
၁၂း၄၅	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၁း၀၀	ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival Chatrium Dream Wedding(3)
၃း၂၅	''လွင်မိုး''ခရီးသွားနေသည် (ကိုကိုးကျွန်းဆီသို့)
၃း၅၀	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၄း၀၀	Activities in the City (သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများနှင့်ပတ်သက်သော အခမ်းအနား)
၄း၁၀	World of Knowledge (Ancient Megastructure: Machu Picchu)
၅း၀၅	ကြည်နူးပီတိဂါရဝ သုံးခွ အထကအာစရိယ
၅း၃၀	Celebrity Style (အဆိုတော် N ကိုင်ရာနှင့်တွေ့ဆုံခြင်း)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Cartoon Show Time (A Bug's Life)
၇း၀၀	Fashion Music Festival Chatrium Dream Wedding(3)
၇း၄၀	ရန်ကုန်မြင်ကွင်းကျယ် ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်းကြီးမှ ကြီးမှူး၍ (၅၉)ကြိမ်မြောက် ရွှေပြားအလှူတော်
၈း၀၀	MRTV-4 သတင်း
၈း၃၀	အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်)(အပိုင်း-၃)
၉း၁၀	Celebrity Style (အဆိုတော် N ကိုင်ရာနှင့်တွေ့ဆုံခြင်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၄)
၁၀း၀၀	သင်ကြားရေးလမ်းညွှန် (Glory Hope Education Centre)
၁၀း၂၅	ဟိုတယ်လမ်းညွှန် (The Hotel Amara, NAYPYITAW)
၁၁း၀၀	ရန်ကုန်မြင်ကွင်းကျယ် ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်းကြီးမှ ကြီးမှူး၍ (၅၉)ကြိမ်မြောက် ရွှေပြားအလှူတော်
၁၁း၁၀	**အား....နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဧရာ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁း၂၅	လှပခိုင်ခံ့ Kangaroo ဖိနပ်
၁၁း၄၀	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၁၂း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုက်ချက်ကတော့ ကမ်းကုန်ပဲ

မြင့်စိုး(နတလ)

၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်။

ထိုနေ့တွင် ရုံးကိစ္စတစ်ခုဖြင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိခဲ့သည်။ ရုံးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ကရင်ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နောင်၏ စီစဉ်ပေးမှုဖြင့် ဘားအံမြို့ ပတ်ဝန်းကျင်မှ တန်ခိုးကြီးဘုရားများကို လိုက်လံဖူးမြော်ခွင့်ရခဲ့သည်။ ရှေးဦးစွာ သံလွင်တံတားကြီးကို ပြန်လည်ဖြတ်သန်း၍ ဘားအံမြို့ တစ်ဖက်ကမ်းရှိ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူဘုရားများကို ဖူးမြော်ခဲ့သည်။

ကော့ဂွန်းဂူသို့အသွား ဇွဲကပင်တောင်ကို နောက်ခံပြုလျက် တည်ရှိနေသော သံလွင်တံတား(ဘားအံ)တံတားကြီး၏ အလှကို ပြန်လည်ငေးမော ကြည့်ရှုခံစားမိသည်။ ထိုမှ တရုတ်လှကျွန်းနှင့် တရုတ်လှရွာကလေးအား မှိုင်းပျပျတွေ့မြင်ရသော်ခဏ၊ ထိုနေရာတွင် ရဟတ်ယာဉ်ပျက်ကျ၍ အသက်စွန့်သွားသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ ထိုအချိန်က ဝိုင်းဝန်းကူညီကယ်ဆယ်စောင့်ရှောက်ခဲ့ကြသော ကရင်တိုင်းရင်းသား သွေးချင်းများ၏ပုံရိပ်များကိုလည်းကောင်း ပြန်လည်တွေးဆ အမှတ်ရမိသည်။

ကြောင့်ကမ်လာဘ်ဘုရားမှတစ်ဆင့် ဇွဲကပင်တောင်ခြေရှိ မဟာဗောဓိအောင်မြေ ဘုရားများကို သွားရောက်ဖူးမြော်သည်။ ညနေစောင်းလုပြီမို့ ဇွဲကပင်တောင်ခြေ ကားလမ်းအတိုင်း ဘားအံမြို့တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ယင်းသို့ပြန်လာစဉ် မိတ်ဆွေကြီး ဦးစောချစ်ထွန်းထံမှ တစ်ချိန်တုန်းက ဘားအံဒေသ၏ အကြောင်းအရာတချို့ကို သိခွင့်ရခဲ့သည်။ ''ကျွန်တော်တို့ အခုသွားနေတဲ့ တောင်ကြားလမ်းနေရာကနေ KNU က လောင်ချာနဲ့ လှမ်းပစ်လို့ ဘားအံကောလိပ်ကျောင်းအုပ်ကြီး အိမ်ဝင်းထဲကိုကျပြီး ဆရာကြီးကို ထိသွားတယ်။ သူ့သားလေးကို ကွမ်းယာသွားဝယ်ခိုင်းရင်း ခြံတံခါးပိတ်ဖို့စောင့်နေတုန်း မှန်သွားတာ။ ကျွန်တော်တို့လည်း ဆေးရုံကို အပြေးအလွှားလိုက်သွားကြပြီး သွေးလှူဖို့ လုပ်ကြပေမယ့် ဆရာကြီးက ဆုံးရှာပြီ''ဟု သတိတရ ပြောပြသည်။ မိတ်ဆွေတချို့က ''မနက်ဖြန် ကရင်နှစ်သစ်ကူးနေ့ ဘားအံမှာ နေပါဦးလား၊ နှစ်သစ်ကူးပွဲနွှဲသွားပါဦးလား''ဟု ဖိတ်မန္တက ပြုသော်ငြားလည်း အချိန်မရသဖြင့် မနေနိုင်တော့ပါ။

ကရင်နှစ်သစ်ကူးနေ့ နံနက်ပိုင်းမှာပင် ဘားအံမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ဘားအံမြို့တွင်းမှာရော၊ ဆင်ခြေဖုံးနေရာတွေမှာရော ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်တိုင်းရင်းသားတို့ တပျော်တပါး ဆင်နွှဲလျက်ရှိကြသည်။ ကျွန်တော်တို့အဖွဲ့ အပြန်တွင် လမ်းသင့်နေသော ဘုရင့်ညီနောင် လိုဏ်ဂူတော်ဘုရားများအား ဝင်ရောက် ဖူးမြော်ကြသည်။ ကရင်နှစ်သစ်ကူးနေ့ဖြစ်သည့် အားလျော်စွာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူ ဘုရားဖူးများလည်းရှိသကဲ့သို့ မော်တော်ဆိုင်ကယ် ကိုယ်စီဖြင့် လာရောက်လည်ပတ်ကြသော ကရင်အပျို၊ လူပျိုကလေးများကိုလည်း တွေ့ရသည်။ သူတို့လေးတွေ ကြည့်ရသည်မှာ ပျော်ရွှင်ကြည်နူးစရာပင်။ ကရင်နှစ်သစ်ကူးပွဲတော် မြင်ကွင်းများသည် ကရင်ပြည်နယ်၏ နယ်နိမိတ်အတွင်းမှာပင် ရပ်တန့်၍ ကျန်မနေရစ်ခဲ့။ မွန်ပြည်နယ်အတွင်းရှိ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုကားလမ်း ဝဲယာတစ်လျှောက် ကျေးရွာများ၌ ကရင်နှစ်သစ်ကူးပွဲများ ကျင်းပနေကြသည်ကို ကားပေါ်မှ လှမ်း၍ မြင်နေရသည်။ **ကရင်ပြည်နယ်အတွင်းမှာ တိုင်းရင်းသား လူမျိုးပေါင်းစုံ အတူတကွ နေထိုင်လျက်ရှိကြသကဲ့သို့ မွန်ပြည်နယ်အတွင်းမှာလည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် သွေးချင်းများ ရင်းနှီးချစ်ကြည်စွာ အတူတကွ လက်တွဲနေထိုင်ကြသည်သာ။ ဤသည်မှာ ပြည်ထောင်စုကြီးအတွင်း၌ ပြည်ထောင်စုငယ်လေးများ ဖြစ်တည်နေသည့် သဘောပင် မဟုတ်ပါလား။**

ထိုမြင်ကွင်းများကတစ်ဆင့် ကူးစက်လာသော အပျော်များဖြင့် ကျွန်တော်ပြန်ခဲ့သော်ငြား၊ ကျွန်တော်၏ ကရင်နှစ်သစ်ကူး အပျော်များသည် ဒီဇင်ဘာလ ၁၈ရက်နေ့ နံနက်ခင်းတွင် အဆုံးသတ်ခဲ့သည်။ ထိုနေ့ သတင်းစာ၌ ဖတ်လိုက်ရသော သတင်းတစ်ပုဒ်ကြောင့်ပါပေ။ ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း ရှေ့ကွင်းပြင်၌ ဖာပွန်မြို့ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပပြုလုပ်ခဲ့သော ဈေးဆိုင်တန်းတွင် ဒီဇင်ဘာလ ၁၆ရက် ညပိုင်းက ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ အရပ်သားခုနစ်ဦး သေဆုံးပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိကြောင်း သိရှိရသည်ဟု ဖော်ပြပါရှိခဲ့သည်။ **ဖာပွန်မြို့တွင် ကျင်းပခဲ့သော ကရင်နှစ်သစ်ကူးပွဲတော်၏ အနှစ်သာရသည် KNU ကြောင့် ပျက်ယွင်းခဲ့ပြီတည်း။ ကရင်နှစ်သစ်ကူးပွဲတော်သည် ကရင်တိုင်းရင်းသားအားလုံး အလေးအမြတ်ထားပြီး နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြား၌ ဝိုချီး ကျင်းပသော ပွဲတော်ဖြစ်သည်။ သို့ကလို မိမိတို့ကရင်တိုင်းရင်းသားများ၏ ပွဲတော်၌ မိမိတို့သွေးချင်းများ သေကျေပျက်စီးဒဏ်ရာရအောင် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသော KNU ၏ ရပ်တည်ချက်နှင့် သဘောထားကို ကျွန်တော် နားမလည်နိုင်တော့။ သြချမိသည်မှာ အကြိမ်ကြိမ်ပင်။**

၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေဘောင်အတွင်းဝင်ရောက်ကြခြင်း၊ အကြွင်းမဲ့လက်နက်စွန့်ခြင်း၊ KNU အဖွဲ့အတွင်းမှာပင် DKBA အပါအဝင် အဖွဲ့ပေါင်းများစွာခွဲထွက်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းစသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သကဲ့သို့ ထိုနေရာ ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ထိုဒေသနေ တိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းရေးအပေါ် မြတ်နိုးတန်ဖိုးထားမှုတို့ကိုလည်း ထင်ထင်ရှားရှား တွေ့မြင်နိုင်မည်ဖြစ်ပေသည်။ အခြားအခြားသော လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်လက်တွဲဆောင်ရွက်ခြင်း အဆင့်များကိုကျော်လွန်၍ နိုင်ငံတော်ကြီးအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး အတွက် တစ်စိတ်တစ်ဒေသ ပါဝင်ထမ်းရွက်နိုင်ရေး၊ နယ်ခြားစောင့် တပ်များ ဖွဲ့စည်းခြင်းအဆင့်ကိုပင် ရောက်ရှိနေပြီဖြစ်သည်။ ထိုအချိန် ကာလမျိုးကို ရောက်ရှိနေပြီဖြစ်သည့်တိုင် KNU သည် ဗုံးခွဲ၊ မိုင်းထောင်၊ လူသတ်ခြင်းအမှုများ၌ မွေ့လျော်နေဆဲဖြစ်နေသည်မှာ အလွန်အံ့သြဖွယ်ရာ ကောင်းနေပေတော့သည်။

KNU နှင့် ပတ်သက်၍ ကျွန်တော် ဆောင်းပါးများစွာ ရေးခဲ့ဖူးပါသည်။ ''ဘိုမြကို ဘယ်လိုပြောရပါ့''။ ''နှစ်ပေါင်း(၅၀)ဆိုတာကလွဲလို့'' စသည် စသည့် ဆောင်းပါးများ အပါအဝင်ဖြစ်သည်။ ကွယ်လွန်သူ ဗိုလ်ချုပ်မြကတော့ သူကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ ငြိမ်းချမ်းရေး လုပ်မသွားနိုင်သည့်တိုင် ငြိမ်းချမ်းရေးအမွေကို သားဖြစ်သူ ဗိုလ်ကြီးစောနေစိုးမြထံ လွှဲပြောင်းပေးပြီး ကရင်တိုင်းရင်းသားများအား ကြည်နူး ဝမ်းမြောက်စေခဲ့သည်။ ကြွင်းကျန်ရစ်သော KNU အဖွဲ့အနေဖြင့်မူ နှစ်ပေါင်း(၅၀)ကို ကျော်လွန်ပြီး (၆၁)နှစ်ထဲသို့ဝင်လာသည့်တိုင် မိုက်တွင်း နက်နက်တူး၍ မိုက်ကောင်းနေဆဲပင်။ ထို့ကြောင့် အမြင်မှန် မရနိုင်သေးသော KNU အချို့အတွက် ကျွန်တော် ခေါင်းစဉ်ပြောင်း၍ ရေးရပါတော့မည်။ မင်းသားကြီး ဦးကျော်ဟိန်းပါဝင်ခဲ့သော ဗီဒီယိုဇာတ်ကား တစ်ကား၏ အမည်အတိုင်း ''မိုက်ချက်ကတော့ ကမ်းကုန်ပဲ'' ဟူ၍သာ။ ။

ဖာပွန်မြို့တွင် ကျင်းပခဲ့သော ကရင်နှစ်သစ်ကူးပွဲတော်၏ အနှစ်သာရသည် KNU ကြောင့် ပျက်ယွင်းခဲ့ပြီတည်း။ ကရင်နှစ်သစ်ကူးပွဲတော်သည် ကရင်တိုင်းရင်းသားအားလုံး အလေးအမြတ်ထားပြီး နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြား၌ ဝိုချီး ကျင်းပသော ပွဲတော်ဖြစ်သည်။ သို့ကလို မိမိတို့ ကရင်တိုင်းရင်းသားများ၏ ပွဲတော်၌ မိမိတို့သွေးချင်းများ သေကျေပျက်စီး ဒဏ်ရာရအောင် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသော KNU ၏ ရပ်တည်ချက်နှင့် သဘောထားကို ကျွန်တော် နားမလည်နိုင်တော့။ သြချမိသည်မှာ အကြိမ်ကြိမ်ပင်။

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၂၁

မိုးကောင်းစည်ပင်သာယာ လမ်းပခုံးပြုပြင်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နိုဝင်ဘာ ၂၀ရက်က နဝဒေး၊ အောင်ဆန်းနှင့် အောင်ဇေယျကတ္တရာလမ်းပခုံးများ လမ်းနှင့် လိုက်လျောညီထွေရှိစေရန် မြှင့်တင်ပြုပြင်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ (ဝဝ၁)

ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ ဂန့်ဂေါ၌ဆင်နွှဲ

ဂန့်ဂေါမြို့နယ်တွင် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် အပတ်စဉ်စနေနေ့တိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၅ရက်က လူထုလမ်းလျှောက်ပွဲတွင် ဂန့်ဂေါဥက္ကဋ္ဌဦးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။ (ဝ၇၁)

ခင်ဦးမြို့နယ်စည်ပင်သာယာ ကတ္တရာလမ်းခင်း

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အောင်ချမ်းသာရပ်ကွက် စကားဝါလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၈ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုနွယ်တို့က ရှင်းလင်းတင်ပြသည်။ (၁၈၂)

ပခုံးထမ်းစပါးရိတ်သိမ်းစက် ရမ်းဗြဲ၌ လွှဲပြောင်းပေးအပ်

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ လက်ပန်ကျေးရွာအုပ်စု၊ ရွာကြီးအုပ်စု၊ ရမ်းသစ်ချောအုပ်စုနှင့် မရွတ်ချိန်အုပ်စုများသို့ နိုဝင်ဘာ ၁၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက (Harvester-H-47) အမျိုးအစား ပခုံးထမ်းစပါးရိတ်သိမ်းစက်များကို လွှဲပြောင်းပေးအပ်ပြီး မြန်မာ့စိုက်ပျိုးရေးဌာနမှ မန်နေဂျာဦးကျန်သိန်းဦးဆောင်၍ ဝန်ထမ်းများက ပခုံးထမ်းစပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းမှုများကို သရုပ်ပြသကြသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်းစည်ပင်သာယာလမ်းပခုံးဖို့ခြင်းဆောင်ရွက်

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မျိုးဦးနှင့်အဖွဲ့က လမ်းပခုံးများကို လမ်းနှင့်လိုက်လျောညီထွေရှိစေရန်အတွက် ရွှေမင်းဝံလမ်းတစ်လျှောက် လမ်းပခုံးဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ နိုဝင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ပေးကြသည်။ (ဝ၃၂)

ဖလမ်းစည်ပင်သာယာ ကတ္တရာလမ်းခင်း

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးလေးက ဆောင်ရွက်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်

အဆင့်မြင့် ပညာဦးစီးဌာန ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက် ၇နာရီက ပြည်မြို့မင်္ဂလာ ရွှေပြည်တိုင်းအားကစားကွင်း၌ကျင်းပရာ ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။ (တိုင်း ပြန်/ဆက်)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆားလင်းကြီး၌ဆွေးနွေး

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းကြည်သည် ဓာတ်ပုံ(၂) ဦးအောင်သီဟလိုက်ပါလျက် နိုဝင်ဘာ ၂၄ရက်က ဘုတ်စုအုပ်စုအတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ကွင်းဆင်း၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး၊ စာအုပ်များငှားရမ်းရန်နှင့် စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေး ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များအား ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

တီးတိန်၌ ကျောက်စီမြေထိန်းနံရံ တည်ဆောက်

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် ပေ၈၀×၂ပေ×၅ပေရှိကျောက်စီမြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၀ရက်က ကွင်းဆင်းစစ်ဆေးသည်။ (ပြည်နယ် ပြန်/ဆက်)

မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲ

နေပြည်တော် ဒီဇင်ဘာ ၂၁

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၇ခုနှစ် နိုဝင်ဘာလတွင် ပြီးမြောက်ခဲ့သော မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် (M-3) စားသောက်ဆိုင် ရန်ကုန်၌ ကျင်းပမည်ဖြစ်ရာ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရန်နှင့် ဒေါ်ချော ဖုန်း- ဝ၉-၈၆-၂၆၄ဝ၈၊ ဦးအောင်ကျော်ဖီ ဖုန်း- ဝ၉-၅၁-၃၈၅၁၃၊ ဒေါ်ခင်ဆွေဝင်း(မန္တလေး)ဖုန်း- ဝ၉-၂ဝ-၁၅ဝ၉၂၊ ဦးငွေကြည်(မော်လမြိုင်) ဖုန်း-ဝ၉-၈၇-ဝဝ၃၉၉နှင့် ဦးအုန်းဖူး-ဒေါ်ခင်လေးမာ ဖုန်း-ဝ၅၆-၂၁၄၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုပြီး ပဉ္စမအကြိမ်သက်တမ်းအတွက် အမှုဆောင်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပသည်။

အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲတွင် ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်သူရ ဦးဆောင်သောအဖွဲ့ကကြီးကြပ်၍ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်း အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)၊ အတွင်းရေးမှူး ဦးရဲမြင့်သန်း(မောင်လူအေး-ပဲခူး)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)တို့ပါဝင်သော အမှုဆောင်ကော်မတီဝင် ခုနစ်ဦးဖြင့် ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ (ဝ၆ဝ)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တာမွေကြီး(ခ)ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးအောင်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၀ ရက်က လိုက်လံစစ်ဆေး ဆောင်ရွက်ကြစဉ်။ (၁၇၁)

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာဝန်အသင်းတိုက်ခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(အမျိုးသမီးအဖွဲ့)ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးတို့က အမှာစကားပြောကြားကြပြီး သက်ကြီးဆရာဝန်များအား ရှိခိုးကန်တော့ကြသည်။**(အပေါ်ပုံ)** ထို့နောက် ကန်တော့ခံဆရာဝန်ကြီးများဖြစ်သော ဒေါက်တာဦးကျော်ဝင်းနှင့် ဒေါက်တာဒေါ်ရီရီလှတို့က ဆုံးမဩဝါဒ ဆုပေးစကားပြောကြားကာ အသက်ကြီးဆုံးဆရာဝန် ဒေါက်တာဒေါ်ခင်ဆွေနှင့် ဒေါက်တာဦးမြစိန်တို့အား အထူးပူဇော်ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ကန်တော့ခံသက်ကြီးဆရာဝန် ၂၂၀အား ပူဇော်ကန်တော့ပစ္စည်းနှင့် ငွေသားများ ပေးအပ်ပူဇော်ကြသည်။ **(၁၂၃)**

ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြော

ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ပဲခူးမြို့နယ် ဝင်္ဂဘော်ကျေးရွာတွင် ငါးသယံဇာတထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေးပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သူရတို့က ငါးသယံဇာတထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေး ဟောပြောကြသည်။

ဆောင်ရွက်

အခမ်းအနားအပြီးတွင် ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးမဖမ်းဆီးရေး အသိပေးပိုစတာများအား ဝင်္ဂဘော်၊ ဘုရားကြီး၊ ဘုရားလေး၊ ဝမ်းဘဲအင်း၊ ပျဉ်ပုံရွာသစ်၊ ပျဉ်ပုံကြီးနှင့် ပေါက်တောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ဖြန့်ဝေခြင်းနှင့် ကျေးရွာများအတွင်း ပိုစတာစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

ရှင်းလင်းတင်ပြ

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော (အလက)ကျောင်းလမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက (၁) မင်္ဂလာတောင်ညွန့်(ယခင် ကန်တော်ကလေးစတိတ်) မြတ်ဆရာပူဇော်ကန်တော့မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ယခင် ကန်တော်ကလေးစတိတ်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီလအတွင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေဝင်း ဖုန်း-၀၉-၅၁၀၂၄၉၁၊ ရဲမှူးသန်းညွန့်(ငြိမ်း) ဖုန်း-၅၄၅၀၇၆၊ ဒေါ်စံသာ ဖုန်း-၂၀၁၃၇၁၊ ဒေါ်ရီရီဦး ဖုန်း-၃၈၉၅၈၀၊ ဒေါ်ဆွေဆွေဝင်း ဖုန်း-၀၉-၅၀၈၂၂၁၈၊ ဒေါ်မူမူ ဖုန်း-၇၂၇၄၉၅၊ ဦးထွန်းအေး ဖုန်း-၀၉-၅၁၁၅၉၇၈၊ ဦးစိန်ရီ ဖုန်း-၂၀၀၄၄၈၊ ၂၉၃၀၃၅၊ ဦးအေးဇစ်ထွန်း ဖုန်း-၀၉-၅၃၁၁၆၅၃၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာခင်မိုးကြွယ် ဖုန်း-၀၉-၈၀၂၃၂၃၈၊ ၆၆၁၈၅၁၊၀၃၁-၃၁၂၆၄၊ ဦးအောင်ချိုဦး (ကန်တော်ကြီးကဖီး)၊ ဦးအာနန္ဒာ ဖုန်း-၀၉-၅၄၀၅၇၀၈၊ဦးငွေအောင် (ရေကြောင်းတက္ကသိုလ်) ဖုန်း-၀၉-၅၀၆၁၇၃၈၊ ဒေါ်စန်းစန်း ဖုန်း-၃၈၆၅၁၇ နှင့် ဦးကျော်ကျော်ထွန်း ဖုန်း-၀၉-၅၀၉၁၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ဆွေးနွေးအကြံပြုနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

အမြို့မြို့ အနယ်နယ် သတင်းများ

အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကသာ၌ဆင်နွှဲ

ကသာ ဒီဇင်ဘာ ၂၁

ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ပထမပတ် လူထုအားကစားလှုပ်ရှားမှုအနေဖြင့် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက ဧရာရွှေလီအားကစားခန်းမရှေ့၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်

အခမ်းအနားသို့ ကသာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်အတွင်းရေးမှူး ဦးဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀တို့ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကာ ကသာခရိုင်အားကစားကွင်း၌ စုပေါင်း ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြင်းမူ မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြင်းမူ ဒီဇင်ဘာ ၂၁

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက မြင်းမူမြို့နယ် ပြည်သူ့အားကစားကွင်း၌ကျင်းပသည်။

ဗိုလ်လုပွဲတွင် အရှေ့ပိုင်းရပ်ကွက်အသင်းနှင့် အနောက်ပိုင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းရပ်ကွက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက ပထမဆုရရှိသော အရှေ့ပိုင်းရပ်ကွက်အသင်းအား ဆုဖလားကိုလည်းကောင်း **(ဝဲပုံ)**၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်က ဒုတိယဆုရ အနောက်ပိုင်းရပ်ကွက်အသင်းအား ငွေသားဆုကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဝင်းမော်က ပထမဆုရအရှေ့ပိုင်းရပ်ကွက်အသင်းအား ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

(ဝ၃၅)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ဘိုကလေးမြို့ မနော်ဟာရီလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၃၇)

တွန်းဇန်စည်ပင် ရေလှောင်ကန်နှင့် ရေပိုက်သွယ်တန်း

တွန်းဇန် ဒီဇင်ဘာ ၂၁

တွန်းဇန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အများပြည်သူသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် ဂါလန် ၁၂၀၀ဆံ့ အုတ်ရေလှောင်ကန် (၈'×၆'×၄')နှင့် ပိုက်သွယ်တန်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၁၁ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (ခေတ္တ)ညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

OK Myanmar Co.,Ltd. ၏ BRANDED SHOWROOM ဖွင့်ပွဲ အမှတ်တရ ဈေးရောင်းပွဲတော်

SANYO၊ DAEWOO နှင့် HQ အိမ်သုံးလျှပ်စစ်ပစ္စည်းများ အထူးဈေးနှုန်းလျှော့ ရောင်းချလျက်ရှိ

သတင်းဆောင်းပါး - ဝင်းမောင်မောင်(ကျောက်တန်း) ➢ ဓာတ်ပုံ - သာညဏ် ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၁

အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲလျက်ရှိသော ဤကမ္ဘာကြီးတွင် လူသားတို့၏ လူနေမှုအဆင့်အတန်းများသည်လည်း တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

ဖွင့်လှစ်

OK Myanmar Co.,Ltd. က မြန်မာပြည်သူတို့၏ တိုးတက်ပြောင်းလဲလျက်ရှိသော လူနေမှုအဆင့်အတန်းကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခြင်းဖြင့် BRANDED SHOWROOM ကြီးကို အမှတ်(G-9) MGW Tower ဗိုလ်အောင်ကျော်လမ်း (အလယ်)၌ ဒီဇင်ဘာ၂၀ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်သည်။

အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများ အရောင်းခန်းမသစ်ကြီး၌ နိုင်ငံတကာသိ အိမ်သုံးလျှပ်စစ်ပစ္စည်း အမှတ်တံဆိပ်များဖြစ်သော SANYO/DAEWOO/HQ အမျိုးအစား အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်ယူသူ ပရိသတ်များ၊ နိုင်ငံကျော် အဆိုတော်များနှင့် အနုပညာရှင်များ လာရောက်ကြည့်ရှု ဝယ်ယူအားပေးနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

စိတ်ဝင်တစား

အရောင်းခန်းမသစ်ကြီး၌ နံနက်အစောပိုင်းကတည်းကပင် စိတ်ဝင်တစား ကြည့်ရှုဝယ်ယူကြမည့် ပရိသတ်များ ကြိုတင်ရောက်ရှိနေကြသည်ကို တွေ့ရသည်။

အရည်အသွေးစိတ်ချ

OK Myanmar Co., Ltd. ၏ ဒါရိုက်တာ ဦးဇော်ဝိတ်က "ဒီအရောင်းခန်းမကြီးကို လူနေမှုအဆင့်အတန်း တိုးတက်ပြောင်းလဲနေတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို တစ်ဖက်တစ်လမ်းက ကူညီအားဖြည့်ပေးတဲ့ အနေနဲ့ရော၊ ပြည်သူများရဲ့ တောင်းဆိုချက်တွေကြောင့်ပါ ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေမှာ ဈေးဝယ်သူတွေဟာ ဈေးနှုန်းစိတ်ချရခြင်း၊ ပစ္စည်းအရည်အသွေးစိတ်ချရခြင်း၊ ဝန်ဆောင်မှုအပြည့်အဝရခြင်း စတဲ့အချက်တွေနဲ့ ပြည့်စုံတဲ့ အခုလို အရောင်းခန်းမကြီးတွေမှာ လိုတဲ့ပစ္စည်းတွေကို ဝယ်ယူသုံးစွဲနေကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ဈေးဝယ်သူ ပြည်သူကလည်း ဒီအသိကို သိရှိထားတာကြောင့် အခုလို အရောင်းခန်းမကြီးတွေမှာ ဝယ်ယူတတ်တဲ့ ဓလေ့များ ဖြစ်ပေါ်လာကြပါပြီ။ ကျွန်တော်တို့ဘက်က ဈေးဝယ်သူများကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ SHOWROOM ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၀ရက်မှ ၃၁ရက်အထိ ၁၂ရက်တိုင်တိုင် လာရောက်ဝယ်ယူသူများကို ၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ အထူးလျှော့ချပေးခြင်း၊ လက်ဆောင်ပစ္စည်းများပေးခြင်း၊ ဗလာမပါ ကံစမ်းမဲများ ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ပြန်လည် ကျေးဇူးတုံ့ပြန်ပေးနေပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက တင်သွင်းတဲ့ SANYO ပစ္စည်းတွေဖြစ်တဲ့ လေအေးပေးစက်၊ ရေခဲသေတ္တာတွေဟာ လူသိများထင်ရှားတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ DAEWOO ဆိုရင်လည်း "**အားလုံးအတွက် DAEWOO**" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အကောင်းဆုံးတွေကိုပဲ ထုတ်လုပ်ပေးနေခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကတည်းက အဝတ်လျှော်စက်၊ ရေခဲသေတ္တာများဟာ ယနေ့တိုင် အပျက်အစီးမရှိ ကောင်းမွန်စွာ သုံးစွဲနေကြတဲ့ ပစ္စည်းများ ဖြစ်ပါတယ်။ နောက်ပြီး HQ အမှတ်တံဆိပ် ပစ္စည်းတွေဖြစ်တဲ့ Cancooler Showcase၊ Glass Door Showcase နဲ့ Deep Freezer များဟာလဲ မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်ကြီးများမှာ အသုံးပြုနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ OK Myanmar Co.,Ltd. အနေနဲ့ အအေးခန်းစက်ရုံများ၊ ICE Tubemaker စက်ရုံများကို တည်ဆောက်လုပ်ကိုင်လျက်ရှိပါတယ်။ မန္တလေးမှာလည်း တစ်နေ့ကို တန် ၃၀ကျတဲ့ ICE Tubemaker စက်ရုံ တစ်ရုံကို ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ နောက်ထပ် စီးပွားရေးလုပ်ငန်းသုံး SANYO Solar Energy ကိုလည်း ဖြန့်ဖြူးဖို့ စီစဉ်လုပ်ဆောင်နေပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

OK Myanmar Co.,Ltd. ၏ Branded Showroom ၌ ပြသထားသော ပစ္စည်းများ။

(သတင်းစဉ်)

ဝန်ဆောင်မှု

ဈေးဝယ်သူ တစ်ဦးဖြစ်သည့် ကိုဇော်နိုင်မိုးက "ကျွန်တော် ဒီနေ့ အဝတ်လျှော်စက်တစ်လုံးနဲ့ 47" LCD TV တစ်လုံး လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ DAEWOO အဝတ်လျှော်စက်မှာ အခြောက်ခံစက်ပါတဲ့အတွက် အခြောက်ခံစက်ကြီးပဲသက်သက် ဝယ်စရာမလိုတော့ပဲ ဒီမှာ လာဝယ်လိုက်တာ အလွန်အဆင်ပြေသွားပါတယ်။ DAEWOO ပစ္စည်းတွေဟာ အရင်ကတည်းက ကောင်းမွန်မှုမှာ နာမည်ရပြီးသား ဖြစ်ပါတယ်။ နောက် SANYO ပစ္စည်းတွေကလည်း အရင်ကတည်းက နာမည်ကြီး အမျိုးအစားဖြစ်ပါတယ်။ ဝန်ဆောင်မှုကလည်း အိမ်တိုင်ရာရောက်ပို့ပေးပြီး ကံစမ်းမဲလည်းပေးတဲ့ အတွက် ဝယ်ယူဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့ပါသည်။

OK Myanmar Co.,Ltd. ၏ Branded Showroom ဖွင့်ပွဲ အမှတ်တရ ဈေးရောင်းပွဲတော်တွင် အနုပညာရှင်များ လာရောက်ကြည့်ရှု အားပေးကြစဉ်။

(သတင်းစဉ်)

ဝယ်ယူရရှိနိုင်

အဆိုပါ ဈေးရောင်းပွဲတော်ကြီးတွင် BRANDED ELECTRONIC ပစ္စည်းများဖြစ်သည့် SANYO/DAEWOO/ HQ အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အထူးလျှော့ဈေးများ၊ လက်ဆောင်များ၊ ဗလာမပါ ကံစမ်းမဲများကိုရယူ၍ တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူရရှိနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

ယင်းဈေးရောင်းပွဲတော်ကြီးတွင် SANYO လျှပ်စစ်ပစ္စည်းများဖြစ်သည့် LCD TV 26"၊ 47" အထိ ပစ္စည်းများ၊ Aircon၊ ရေခဲသေတ္တာ၊ Freezer၊ Wine Celler၊ Water Cooler၊ Multimedia Projector၊ Digital MP3 Recorder၊ Digital Camera များနှင့် ထမင်းပေါင်းအိုးစသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ အမျိုးအစားစုံ၊ အရွယ်စုံကို အထူးဈေးနှုန်းဖြင့် လျှော့ချရောင်းချပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။

DAEWOO အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် Aircon၊ အဝတ်လျှော်စက်၊ Microwave Oven၊ ရေခဲသေတ္တာများကိုလည်း အထူးဈေးနှုန်းဖြင့် လျှော့ချရောင်းချပေးနေသည်။ DAEWOO အဝတ်လျှော်စက် ဝယ်ယူသူများကို Microwave Oven တစ်ခု လက်ဆောင်ပေးကြောင်း တွေ့ခဲ့ရသည်။

စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်ကြီးများတွင် အသုံးပြုရန်အတွက် HQ အမှတ်တံဆိပ် ပစ္စည်းများဖြစ်သည့် Freezer၊ Solid Door Refrigerator၊ Sundwich Salad Unit၊ Beer Dispenser၊ Commercial Freezer၊ Cancooler၊ Glass Door Showcase ပစ္စည်းအမျိုးစုံကို ရောင်းချပေးလျက်ရှိကြောင်း တွေ့ရသည်။

စီစဉ်ပေးထား

ထို့အပြင် လုပ်ငန်းတိုးချဲ့လိုကြသည့် စားသောက်ဆိုင်များ၊ ဟိုတယ်များအတွက် Aircon၊ Cancooler Showcase နှင့် ရေခဲသေတ္တာများကို အရင်းအနှီးနည်းနည်းဖြင့် လုပ်ငန်းစတင်နိုင်ရန် ငွေပေးချေမှုကို ဝယ်ယူသုံးစွဲသူ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း၊ နွေရာသီအတွက် ကြိုတင်ဝယ်ယူလိုသူများကို ၃၀ရာခိုင်နှုန်း စရန်ပေး၍ နွေအခါ (ဧပြီလအထိ)တွင် ယခုဝယ်ယူသည့် ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိ ဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည်ကို သိရှိခဲ့ရပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် (အဖိတ်နေ့)

၂၂-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅	၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ **ကျွမ်းတိုင်းမကြမ်းနဲ့**
၈း၀၀	၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။ လက်ဆင့်ကမ်းပေး ဂီတတေး
၈း၂၅	၉။ တေးဂီတအစီအစဉ်
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၅၅	၁၂။ အဆိုပြိုင်ပွဲ
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အတီးပြိုင်ပွဲ
၄း၂၀	၃။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၄း၃၅	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။ စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး
၅း၁၀	၇။ တေးဂီတအစီအစဉ်
၅း၃၅	၈။ မူးယစ်အန္တရာယ် လူ့ရန်စွယ်ကာကွယ်တိုက်ဖျက်လက်ချင်းယှက်
၅း၄၅	၉။ ရင်မှာစွဲထင်တေးအလှုသံစဉ်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆း၂၅	၁၃။ ဆိုလိုက်ကြစို့
၇း၀၀	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၉)
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၀)
	၁၉။ အစီအစဉ်ပြီး၏။

Electronics & Lifestyle 2009 ပြပွဲ၌ CONCORDIA Int'l Co., Ltd. မှ ဝင်ရောက်ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

CONCORDIA Int'l Co., Ltd. က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ကျင်းပမည့် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉၌ ဝင်ရောက်ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Fujixerox အမှတ်တံဆိပ် နည်းပညာမြင့်ပစ္စည်းများဖြစ်သော မိတ္တူကူးစက်များ၊ ကာလာမိတ္တူကူးစက်များ၊ လေဆာပရင်တာများအပြင် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS (RTK) ပစ္စည်းများနှင့် ရေနံရှာဖွေရေး၊ သတ္တုရှာဖွေရေး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်း၊ မြစ်ကြောင်းတိုင်းတာခြင်းလုပ်ငန်း၊ လေကြောင်းဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်သော Garmin အမှတ်တံဆိပ် GPS ပစ္စည်းများနှင့် ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သော DC-7 (Ultrasound)၊ DP-1100 Plus (Portable Ultrasound)၊ ECG၊ သွေးပေါင်ချိန်တိုင်းကိရိယာ၊ သွေးချို၊ ဆီးချိုတိုင်းစက် (Omnitest Plus)၊ Complan (Newzealand) များကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

CONCORDIA Int'l Co., Ltd. က ပွဲတော်ကာလအတွင်း Fujixerox မိတ္တူကူးစက်များ၊ လေဆာပရင်တာများကို အထူးလျှော့ဈေးဖြင့် ရောင်းချသွားမည့်အပြင် A3 မိတ္တူကူးစက်တစ်လုံး ဝယ်ယူသူတိုင်းအား A4 ကာလာလေဆာပရင်တာ သို့မဟုတ် A4 Multifunction Laser Fax တစ်လုံး လက်ဆောင်ပေးခြင်း၊ GPS ပစ္စည်း ဝယ်ယူသူများကို ၇ရာခိုင်နှုန်း Discount လျှော့ချပေးခြင်း၊ ဌာနထောက်ခံချက်ဖြင့် ဝယ်ယူသူအားလုံးကို ၁၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းချပေးသွားမည်ဖြစ်သည်။

ဆယ်သွယ်ဝယ်ယူလိုပါက ပြပွဲကာလအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌လည်းကောင်း၊ ရန်ကုန်မြို့၌ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း- ၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၉၅၁၅၄၄၈၂၄၊ မန္တလေးမြို့တွင် ၇၇လမ်း×၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ဖုန်း- ၀၂-၃၆၄၇၈၊ ၀၉- ၅၀-၆၇၁၇၂၊ ၆၉၃၀၃၊ နေပြည်တော်တွင် အမှတ်- ၁၄၄ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဘိုခရိုင် ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုက မြို့နယ်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများထံ တာဝန်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အထက(၄) ဗိုလ်တထောင် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်က အဆိုပါကျောင်း သီရိမာလာခန်းမ၌ ကျင်းပရာ အငြိမ်းစား ဆရာမကြီးများဖြစ်သော ဒေါ်မြညွန့်၊ ဒေါ်ဒေါ်လီမြင့်နှင့် ဒေါ်ခင်မကြီးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကန်တော့ခံ အငြိမ်းစား ဆရာမကြီးများအားပူဇော်ပွဲ ကျင်းပရေးကော်မတီက ကန်တော့ခံပစ္စည်းနှင့် အလှူငွေများပေးအပ်၍ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရှိခိုးကန်တော့ကြသည်။ ဆက်လက်၍ အငြိမ်းစား ဆရာမကြီးများကိုယ်စား ဒေါ်ထူးထူးခင်က ဩဝါဒစကားပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၁၀ခုနှစ် ဇန်နဝါရီလ ၃၁ရက်တွင် အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့် တစ်တန်းတည်း ကျရောက်မည်ဖြစ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)ကို ယနေ့ဖြန့်ချိလိုက်သည်။

မြန်မာအဆိုတော် ဖြူဖြူကျော်သိန်းအား လူကုန်ကူးမှုပပျောက်ရေး လှုပ်ရှားမှုဆိုင်ရာ မြန်မာနိုင်ငံ သံတမန်အဖြစ်ခန့်အပ်၊ ငွေထုပ်အတုဖြင့် လိမ်လည်၍ ကားဝယ်ယူသူတွေလည်းရှိလာပြီ လူသားချင်းမစာနာတဲ့ စင်ကာပူအိမ်ရှင်မတစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် စင်ကာပူရဲက တရားစွဲ၊ နိုင်ငံပိုင်အဆောက်အအုံများ လေလံဝယ်ယူပြင်ဆင်နေကြပြီ၊ သင်္ဘောလွန်းတင်သည့် သံမဏိကြိုးပြတ်ထွက်ထိမှန်၍ လူတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိမှုဖြစ်ပွား၊ ရန်ကုန်-ချင်းမိုင်ခရီးစဉ်ကို အဲပုဂံမှ ပြေးဆွဲမည်ဖြစ်၊ မြန်မာနိုင်ငံတောင်ပေါ်ဒေသများတွင် CDMA ကမ်းရိုးတန်းဖုန်းများကို အသုံးပြုနိုင်၊ ရိုန်းနှင့် ဖြူဖြူကျော်သိန်းအပါအဝင် ကမ္ဘာကျော် အနုပညာရှင်များပါဝင်သော လူကုန်ကူးမှုပညာပေးမှတ်တမ်းရုပ်ရှင် MRTV-4 MWD MRTV တို့မှ ထုတ်လွှင့်မည်ဖြစ်၊ တနင်္လာနေ့တိုင်း ယုဇနပလာဇာအတွင်းတန်း အပြင်တန်းဆိုင်ခန်းအားလုံးပိတ်သိမ်းရန် ညွှန်ကြားထားပြီးဖြစ်၊ ၂၀၁၀ခုနှစ်တွင် လကြတ်ခြင်းဖြစ်စဉ် သုံးကြိမ်ဖြစ်ပေါ်မည်၊ ယောကျ်ားခြင်းဖက်နမ်းသည့်ကိစ္စနှင့်ပတ်သက်၍ ဓားထိုးမှုဖြစ်ပွား၊ မြန်မာနိုင်ငံမှ တီထွင်ထုတ်လုပ်လိုက်သည့် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်သည့်ကိရိယာ မလေးရှားမှဝယ်ယူရန် ကမ်းလှမ်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး အဆင်ပြေစေရန် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်အသစ်များ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်၊ ကားဝယ်ရောင်းသမားများက လေလံပွဲဘက် အာရုံစိုက်လာကြသဖြင့် ရန်ကုန် ကားဈေးကွက် အေးလျက်ရှိ၊ ရာသီဥတုဆိုင်ရာ အချက်အလက်များ အခကြေးငွေနှင့်ရောင်းချခြင်းမဟုတ် ဒေတာတွေကို ရောင်းချခြင်းသာဖြစ်၊ အိန္ဒိယနိုင်ငံသို့ ပေါင်းဆန်တင်ပို့ရန်စီစဉ်၊ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိ၊ အကယ်ဒမီ စိုးမြတ်သူဇာနှင့်တွေ့ဆုံခြင်း၊ အဆိုတော် သားစိုးနှင့် သူ့ရဲ့အိမ်ထောင်ရေး၊ ဂျပန်နိုင်ငံကို ဆရာကြီးလုပ်နေတဲ့ စင်ကာပူဝန်ကြီးချုပ်ဟောင်း၊ အီရန်မှ အီရတ်နယ်မြေအတွင်းကျူးကျော်၍ အီရတ်ပိုင် ရေနံတွင်းများအား သိမ်းပိုက်၊ အစ္စရေးနှင့် ဥရောပဒေသအချို့ကို ကောင်းစွာပစ်ခတ်နိုင်သည့် အီရန်၏ တာလတ်ပစ် ဒုံးပျံသစ်၊ ဟားမာ့စ်-ဟစ်ဇ်ဘိုလာတို့ပူးပေါင်းပြီး အစ္စရေးကို ပြဿနာရှာတော့မည် စသည့် နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။**(သတင်းစဉ်)**



ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုလိုတော့သည့် စက်၊ ယာဉ်၊ ယန္တရား အဟောင်း ၄၈ စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

စဉ်	တင်ဒါအုပ်စုအမှတ်	စက်၊ ယာဉ်၊ ယန္တရား အရေအတွက်	စက်၊ ယာဉ်၊ ယန္တရားအခြေအနေ ကြည့်ရှုရမည့်နေရာ
၁။	Lot No.1,2,3,4,5,6,7,8 9,10,11,12,13,14,15,16, 17,18,19,20,21,22,23	၃၃-စီး	ယန္တရားတပ်ခွဲ(တောင်)ရန်ကုန်
၂။	Lot No. 24	၁-စီး	တပ်စု(၃)ပုသိမ်
၃။	Lot No. 25,26	၃-စီး	ဘားအံ
၄။	Lot No. 27	၃-စီး	လမ်းအထူးအဖွဲ့(၉)၊ ဖာပွန်
၅။	Lot No. 28	၃-စီး	မော်လမြိုင်
၆။	Lot No. 29	၂-စီး	သထုံ
၇။	Lot No. 30,31,32	၃-စီး	မြိတ်

၂။ ချိပ်ပိတ်တင်ဒါ တင်သွင်းလွှာတစ်စောင်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ၁၈-၁၂-၂၀၀၉ရက်မှ ၂၈-၁၂-၂၀၀၉ရက်အထိ စက်မှုဦးစီး၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်နှင့် ယန္တရားတပ်ခွဲ(တောင်)၊ မရမ်းကုန်း၊ ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ပါသည်။
၃။ ချိပ်ပိတ်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာများကို ၂၈-၁၂-၂၀၀၉ရက် ညနေ ၁၆:၃၀နာရီ နောက်ဆုံးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) စက်မှုဦးစီးဌာန ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် တင်သွင်းရမည်ဖြစ်ပြီး ၂၉-၁၂-၂၀၀၉ရက် နံနက် ၁၀နာရီတွင် ရုံးအမှတ်(၁၁) နေပြည်တော်၌ ဖွင့်လှစ်ရောင်းချပါမည်။

ရောင်းချရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများ
ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်-

(1) 3 KW UHF TV Transmitter System (Dual Cast) 2Sets
- Dual Power Amplifier (Analogue/Digital)
- Output Coaxial Equipment & Channel Combiner
- Program Input and Monitoring Equipment & Audio/ Video Power & RF Cabling Material

(2) Antenna System for 3 KW TV.TX & RF Feeder Cable 2Sets

(3) 100 Meter Guyed Tower Complete Set 1 Lot

(4) Automatic Voltage Regulator & Power Distribution Board for TV.TX 2Nos

(5) Generator (Diesel, Open type, 3Ø, 65 KVA, 380 V.50Hz) 2Nos

(6) Supervision Commissioning and on site training 2 Lots

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၁၂-၂၀၀၉ ရက် ၁၆:၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

အလောင်းတော်ကဿပဖူးမြင်ရန်

မဟာမြိုင်တော၊ ဝေဘူဝေဘာတောင်လိုဏ်ဂူတွင် ကိန်းဝပ်တော်မူသော မဟာကဿပ ရဟန္တာကိုယ်တော်မြတ်ကြီးအားဖူးမြင်ရန်။
၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၀၊ ၁၁ရက် (ဇန်နဝါရီ ၂၄၊၂၅)ရက် ရန်ကုန်မှ ရထားဖြင့်ထွက်ပါမည်။ လိုက်ပါလိုသောဘုရားဖူးများ ဆရာတော်ဦးပဏ္ဍိစ္စ ပုပ္ဖားကျောင်း၊ ထောက်ကြန့်၊ ဖုန်း-၆၀၀၀၂၈နှင့် ဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ ၁၀လမ်း၊ ရန်ကုန်၊ ဖုန်း-၂၂၆၀၂၄တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။

ရောင်းမည်/လဲမည်

ချောင်းသာကမ်းခြေ အဆင့်မြင့်ဧည့်ရိပ်မွန်အသစ်၊ မြေစတုရန်းပေ ၃၆၀၀၀ ပေါ်တွင် RC အဆောက်အအုံ စတုရန်းပေ ၁၄၆၄၀ ဆောက်ထားပါသည်။ အခန်း ၃၀ ရှိပါသည်။ အခန်းအားလုံးကြွေပြားခင်း/ကပ်ထား။ ရန်ကုန်(သို့) မန္တလေးရှိ မြေကွက်(သို့) အဆောက်အအုံနှင့်လဲမည်။

ဆက်သွယ်ရန် -
ဖုန်း-၀၉-၅၂၀၁၉၄၆၊ ၀၉-၅၀၆၀၆၉၇၊ ၀၁-၇၀၆၃၀၃။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်းသတင်းစာကြော်ငြာများ
အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေး လျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

နိုဝင်ဘာ ၅ရက်က ကျင်းပသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု တဖွန်းပုလဲကျေးရွာ အောင်သုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ရီမေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၅)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လေယာဉ်ကွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ရက်က အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငြိမ်းသန့်တို့ နိုဝင်ဘာ ၂၉ရက်က ပေါက်တောမြို့ အမှတ်(၃) ရပ်ကွက်ရှိ အောင်မြေသုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်သို့တစ်ခေါက်



မလိခမြစ်ကိုဖြတ်ကျော်၍ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်ကို ပေါင်းကူးဆက်သွယ်ထားသည့် မလိခကြိုးတံတား၏ မြင်ကွင်းအလှပသာဒ....။ ဓာတ်ပုံမှတ်တမ်း-ဦးထမန်ယုန်(ပူတာအို)

နေပြည်တော် ဒီဇင်ဘာ ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ်သို့ရောက်ရှိပြီး နောက်တစ်နေ့တွင် ၁၄မိုင်ခန့်ဝေးသည့် မချမ်းဘောမြို့နယ်သို့ ခရီးဆက်ခဲ့သည်။

လိုက်ပါလာ

သတင်းခရီးသည်နှင့်အတူ မချမ်းဘောမြို့နယ်ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ ပူတာအိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးကျော်သိန်း၊ မချမ်းဘောမြို့နယ် မြို့နယ်အင်ဂျင်နီယာ ဦးတင်ဝင်းလှိုင်၊ ဓာတ်ပုံဆရာ ဦးထမန်ယုန်တို့ လိုက်ပါလာကြပြီး မော်တော်ဆိုင်ကယ်များဖြင့် ပူတာအိုလေယာဉ်ကွင်းသို့ သွားရောက်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၂ ✳

သတင်းခရီးသည်
သတင်းထောက်စဥ့်ကူစိုးဝင်း

ဓာတ်ပုံမှတ်တမ်း
ဦးထမန်ယုန်(ပူတာအို)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လက်ဖက်ရည်ကြမ်း ပုံမှန်သောက်သုံးပါလျှင် စိတ်ကျဝေဒနာ ကင်းဝေးနိုင်ကြောင်း လေ့လာတွေ့ရှိ

လက်ဖက်ရည်ကြမ်း နေ့စဉ် လေးခွက် သို့မဟုတ် ထိုထက်ပို၍ ပုံမှန်သောက်လျှင် သက်ကြီးရွယ်အို အမျိုးသား အမျိုးသမီးများအဖို့ စိတ်ကျဝေဒနာဖြစ်မည့် အန္တရာယ် လျော့ပါးစေသည်ဟု သုတေသီများက နောက်ဆုံးလေ့လာတွေ့ရှိရသည်ဟု ဆို၏။

အကျိုးထူး

ယခင်က လက်ဖက်ရည်ကြမ်းသောက်ခြင်းဖြင့် စိတ်သောကဖိစီးမှု လျော့ပါးစေခြင်းအပါအဝင် ကျန်းမာရေး အကျိုးထူးများ ရရှိနိုင်ကြောင်း သိရှိထားပြီးဖြစ်သည်။

လျော့နည်းသွား

ယခုအခါတွင် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းကြောင့် အသက် ၇၀ကျော် အဘိုးအဘွားများအနေဖြင့် စိတ်ကျဝေဒနာဖြစ်ပွားမှု ၄၄ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရသည်ဟုဆို၏။ ။

ထူးခြားသည့် ညအပူချိန် ၂၁-၁၂-၂၀၀၉

လွိုင်လင်မြို့	၀	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄	ဒီဂရီစင်တီဂရိတ်
မင်းတပ်မြို့	၅	ဒီဂရီစင်တီဂရိတ်